
www.burmeseclassic.com

ဒိန်း(၁၀၀) ကြေးဟောင်းဝေးတဲ့စာချုပ်



# ပဒိုစာ
# ဝေါဝါစာပစ်တဲ့ည

ဝင်းကိုးမွှေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၈၂၂၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၈၈၂၀၇၀၉

၂၀၀၉၊ ခုနှစ်၊ စက်တင်ဘာလ။

ထုတ်ဝေသူ – ဦးအောင်ခိုင် (ရွှေအိမ်မှူးစာပေ)
၂၂၁၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်

မျက်နှာဖုံးနှင့် – ဦးကျင်ရင် (ရွှေခြံသေ့ပုံနှိပ်တိုက်)
အတွင်းပုံနှိပ်သူ ၁၂၊ သရဖီလမ်း၊ အလုံမြို့နယ်။

အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀

အိုစာ၊ မ ၈၉၅.၈၃
ခေါ်စာပစ်တဲ့ည/မအိုစာ၊ ရန်ကုန်
ရွှေအိမ်မှူးစာပေ၊ ၂၀၀၉ ။
၁၄၇–စာ ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
( ၁ ) ခေါ်စာပစ်တဲ့ည


www.burmeseclassic.com

www.burmeseclassic.com

# မဒိုတ

ဝေါဓာပမ်တဲ့ည

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

BURMESE CLASSIC

## အငိုမရပ်တဲ့ကလေး

www.burmeseclassic.com

www.burmeseclassic.com

# နဂါးရ

ရွာလေးဟာ ချမ်းစိမ့်တဲ့ အအေးဓာတ်အောက်မှာ အိပ်မောကျနေချိန်. . .

သူကြီးဖိုးသာအောင်ရဲ့ ခြံဝိုင်းထဲမှာတော့ ကုလားငိုသံက ညံစီနေတယ်။

သူကြီးကတော်ကြီးဟာ ငါးနှစ်အရွယ်မြေးလေးကို

www.burmeseclassic.com

www.burmeseclassic.com



ချိုပိုးရင်း ချော့မြှူနေရှာတယ်။

လူကြီးတွေ ဘယ်လိုချော့ချော့ ကလေးက အငိုမရပ်ဘူး။

သူကြီး ဖိုးသာအောင်ဟာ ကုလားထိုင်မှာ ကျောမှီထိုင်ရင်း မြေးဖြစ်သူကို စိုးရိမ်တကြီး ကြည့်နေရှာတယ်။

"ဟဲ့. . . အေးမိ ကလေးက ငိုလှချည့်လား၊ ညည်းတို့ ဘာတွေများအကျွေးမှားသေးသလဲ. . ."

သူကြီး ဖိုးသာအောင်ရဲ့အမေးကြောင့် သူကြီးသမီး အေးမိက. . .

"အို. . . အဖေကလည်း ကျုပ်တော့ ဆီထမင်းက လွဲပြီး ဘာမှမကျွေးမိပါဘူး၊ အဖေ့မြေး ညနေက သာဒိုးတို့နဲ့ ရွာအနောက်ဘက်မှာ သွားဆော့လို့. . . ရိုက်ပုတ်ပြီး ခေါ်လာ တာပဲ ရှိပါတယ်နော်. . ."

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ မျက် မှောင်ကြီးကြုံ့သွားပြီး. . .

". . . ဘာ. . . အနောက်ပိုင်းမှာ သွားဆော့တယ် ဟုတ်လား . . . ဒီနေရာက နတ်ကြီးတယ်ဆိုတာ မသိဘူးလား. . .၊ ညည်းတို့က ကလေးတစ်ယောက် တောင် နိုင်အောင်မကြည့်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဒေါသတကြီး ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးသမီးအေးမိက စိတ်ရှုပ်ထွေးဟန်နဲ့. . .

"ကလေးငိုရတဲ့အထဲ အဖေကလည်း ခက်တာပဲ၊ ကျုပ် ညနေက အဖေခိုင်းလို့ ပဲကြွေး သွားကောက်တာလေ၊ ပြန် ရောက်တော့ ဒင်းလေး အိမ်မှာမရှိမှန်းသိတာ၊ ကျုပ်ကိုချည်း အပြစ်မတင်နဲ့ အဖေရေ. . .၊ အဖေ့သမီး အေးစိန်ကိုလည်း ပြောအုံး. . .၊ ဒင်းက အဒေါ်တစ်ယောက် လုပ်နေပြီး ဘယ်တော့မှ ကလေးကို မကြည့်ထားဘူး၊ အား အားရှိ ဖြီးလိမ်းပြီးတော့ပဲ လမ်းသလားနေတာ. . .၊ ဒင်းလည်း လင်မြန်မြန်ရမှ မျက်စိနောက် သက်သာမယ်. . ."

လို့ တဗျစ်တောက်တောက် ပြောလိုက်တဲ့အခါ မအေးစိန်ဟာ အိမ်ခန်းထဲက ဆောင့်ကြီးအောင့်ကြီး ထွက်လာပြီး

"အစ်မနော်၊ ကျုပ်ကို မဟုတ်တာမပြောနဲ့၊ အပျိုလေးပဲ၊ ဖြီးလိမ်းပြီး လမ်းထွက်တာ ဘာဖြစ်လဲ၊ အစ်မသာ မုဆိုးမဖြစ်နေပြီး အပျိုရှုံးအောင်ပြင်နေတာ၊ အဖေသိစေသား"

လို့ ကက်ကက်လန် ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူရဲ့ တုံ့ပြန်စကားကြောင့် မအေးမိဟာ ယမ်း မီးပုံကျဖြစ်သွားပြီး ထိုင်ရာကနေ ဝုန်းခနဲထလာတယ်။

ဒီအခါမှာ သူကြီးကတော်ကြီးဟာ ကလေးချီလျက် မအေးမိတို့အနားရောက်လာပြီး. . .

"ညည်းတို့ တော်ကြစမ်း၊ ဒီမှာ ကလေးဘာဖြစ်မှန်း မသိဘူး၊ ညည်းတို့ အားအားရှိ သတ်ဖို့လောက်ပဲ စဉ်းစားနေ. . ၊ဟဲ့. . . အေးမိ. . . အနောက်ပိုင်းမှာ ညည်းကလေး သွားဆော့ရင်း ဘာတွေလုပ်ခဲ့သေးလဲ မသိဘူး၊ ငါ့ အထင်တော့ ကလေးကို ကွင်းပိုင်ကြီး ဖမ်းစားပြီထင်တယ်"

လို့ ထင်ကြေးပေး ပြောလိုက်တဲ့အခါ ကွင်းပိုင်ကြီး ဆိုတဲ့အသံကြောင့် မအေးမိဟာ အကြီးအကျယ်တုန်လှုပ်သွား ပြီး. . .

"ဟင်. . . ကွင်းပိုင်ကြီး ဖမ်းစားထားတာ ဟုတ် လား. . . အမယ်လေး. . . ကျုပ် သားလေးတော့ ကိုယ်ကျိုးနည်းပြီ ထင်ပါ့၊ တစ်ခါကလည်း မိတုတ် သမီးလေး ကွင်းပိုင်ကြီးရှိတဲ့ ညောင်ပင်ကြီးက အရွက် တွေခူးလာမိလို့ အပြင်းဖျားပြီး တစ်ပတ်လောက် အိပ် ရာထဲလဲခဲ့တာ၊ ကံကောင်းလို့ အသက်မနှုတ်တာဆို

www.burmeseclassic.com

www.burmeseclassic.com



ပဲ. . .၊ ကျုပ်. . . ကျုပ်တို့. . . ဘယ်လိုလုပ်ကြမလဲ အမေ. ."

လို့ ထိတ်ထိတ်ပြာပြာနဲ့ မေးလိုက်တယ်။

မအေးမိရဲ့ စကားကြောင့် သူကြီးဖိုးသာအောင်က ဆေးပြင်းလိပ်ကို ဖွာရှိုက်လိုက်ရင်း. . .

"ဘယ်လို လုပ်ရမှာလဲ၊ ဘာပဲဖြစ်ဖြစ် အရံအတား လုပ်ထားတာ မမှားဘူး၊ ဗန္ဓောဆရာချက်ကြီးလည်း ပင့်ပြီး ကြည့်ခိုင်းရမှာပဲ၊ ဒါကြောင့်ပြောတာ၊ ကလေးတစ်ယောက် လောက်တောင် ညည်းတို့ နိုင်အောင်မထိမ်းနိုင်ဘူး"

လို့ ပြောလိုက်တဲ့အခါ မအေးမိက ငိုသံကြီးနဲ့. .

"အီး. . . ဟီး. . . အဖေတို့က ကျုပ်ပဲ အပြစ်ဖို့ နေ ကြတယ်၊ အဖေ့မြေးက မျောက်လောင်းလေး၊ မအေက ဒီနေရာမသွားနဲ့ဆို လစ်တာနဲ့ ရောက်သွား တာပဲ"

လို့ ပြောလိုက်တယ်။

". . . တော်တော့ အေးမိ၊ ညည်းပါးစပ်ပိတ်လိုက် တော့၊ ငါ့မြေးကို အပြစ်မပြောနဲ့၊ ကလေးပဲ ဆော့ ချင်ရှာမှာပေါ့၊ ညည်းသာလိုတာ. . .၊ ငိုမနေနဲ့ လူ ကြားမကောင်းဘူး၊ မနက်ကျမှ ဆရာချက်ကြီး သွား

www.burmeseclassic.com

www.burmeseclassic.com



ပင့်ချေ. . . ”

သူကြီး ဖိုးသာအောင်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ငေါက် ငမ်းလိုက်တော့မှ တစ်အိမ်လုံး ငြိမ်ကျသွားတယ်။

ဒါပေမယ့် ကလေးငိုသံက ရပ်မသွားဘူး။

www.burmeseclassic.com

www.burmeseclassic.com

"ကလေးငယ်ဘာဖြစ်တာလဲ..."

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

## အမှောင့်နှင်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# ပ

# နှက်

. . . . . ရောက်တော့ သူကြီးဖိုးသာအောင်ရဲ့ ပင့်ဖိတ်မှုကြောင့် ဗိန္ဓောဆရာချက်ကြီး ရောက်လာတယ်။

ဗိန္ဓောဆရာကြီးဟာ အသင့်ခင်းထားတဲ့ ဘုရားစင်အောက်က သင်ဖြူးဖျာမှာ ဝင်ထိုင်လိုက်ပြီး. . .

"အိမ်း. . . ဘာဖြစ်ကြသလဲ၊ ဆရာ့ကိုပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



လို့ နှုတ်ခမ်းမွေးကြီးကိုသပ်ပြီး မေးလိုက်တယ်။

သူကြီးကတော်နဲ့ ကလေးအမေ မအေးမိက ကလေးရဲ့အခြေအနေကို ရှင်းပြလိုက်တဲ့အခါ ဗိန္ဓောဆရာကြီးက. . .

"'. . . ကျုပ် နားလည်ပြီ၊ ကလေးကို ကျုပ်ရှေ့ခေါ်ခဲ့စမ်းပါ"

လို့ ခေါင်းတစ်ညိတ်ညိတ်နဲ့ ပြောလိုက်တယ်။

အဒေါ်ဖြစ်သူ မအေးစိန်က ဗိန္ဓောဆရာကြီးရဲ့ အသံကြောင့် ကလေးကို အခန်းထဲက ချီထုတ်လာတယ်။

ကလေးငယ်ဟာ စကားတစ်ခွန်းမှမပြောဘဲ "တဟီးဟီး" နဲ့ ရှိုက်ငိုနေတယ်။

ဗိန္ဓောဆရာကြီးဟာ ကလေးငယ်ကို စူးစိုက်ကြည့်လိုက်ပြီး အတန်ကြာတဲ့အခါမှ. . .

"ကလေး. . . မင်းမှန်မှန်ပြောစမ်း၊ ရွာနောက်ပိုင်းက ညောင်ပင်မှာ၊ ကလေးအချင်းချင်း ရန်ဖြစ်ပြီး၊ အယုတ္တ စကားတွေ ပြောခဲ့တယ်မဟုတ်လား. . ."

လို့ ခပ်မာမာ မေးလိုက်တယ်။

ဗိန္ဓောဆရာကြီးရဲ့ မျက်လုံးကြီးပြူးပြီးမေးလိုက်တဲ့ စကားကြောင့် ကလေးငယ်ဟာ အကြောက်ပိုသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ် . . . သား . . . သူ့ကိုကြောက်တယ် အမေ . . . ကြောက်တယ် . . . ကြောက်တယ် . . ."

လို့ ဆရာကြီးကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်။

သူကြီးဖိုးသာအောင်၊ သူကြီးကတော်နဲ့ မအေးမိ၊ မအေးစိန်တို့ဟာ ဗိန္ဓောဆရာကြီးကိုကြည့်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် ဖြစ်လာတယ်။

ဒီအခါမှာ ဆရာကြီးက နှုတ်ခမ်းမွေးကားကားကြီးကို နားရွက်ချိပ်မတတ် ပြုံးလိုက်ရင်း . . .

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ကဲ . . . သူကြီးတို့ ဘာမှမစိုးရိမ်နဲ့တော့ . . .၊ ဟောဒီမှာ ဝိဇ္ဇာရှစ်သောင်းဆရာ အပေါင်းတို့ကို တန်ဆောင်မုန်းလပြည့်ညမှာ တိုင်တည်ပြီး ဖော်စပ်ထားတဲ့ အမှောင့်ဖြေ ဆီမန်း၊ ဒါကို ကောင်လေးကို တိုက်လိုက်၊ ကျုပ်ပြန်သွားပြီး နာရီဝက် အတွင်းမှာ ကောင်လေးကို စွဲကပ်နေတဲ့ အစွဲတွေမကျွတ်ဘူးဆိုရင် ခြေကြွခရော . . . ခေါင်းကို ခရော နှစ်ဆတိတိ ပြန်အမ်းမယ်၊ ကဲ . . . သူကြီးတို့ လက်ခံလား . . ."

www.burmeseclassic.com

www.burmeseclassic.com



လို့ သူကြီးဖိုးသာအောင်တို့ကို မျက်လုံးဝေ့ကြည့်ပြီး ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးကတော်က စိတ်လှုပ်ရှားစွာနဲ့

"ဆရာချက်ကြီးရဲ့ အစွမ်းကို ကျုပ်တို့သိပါတယ်၊ ကလေးကိုသာ ဆေးပေါင်းခထားတဲ့ ဆီမန်းမြန်မြန် တိုက်လိုက်စမ်းပါတော်၊ ကလေးကြည့်ပြီး စိတ်ပူလွန်းလို့ ကျုပ် သေတော့မယ်တော့. . ."

လို့ ပြောလိုက်တယ်။

"ဟဲ့ နေအုံး၊ တစ်ခုကျန်သေးတယ်၊ ကနေ့ည ဆယ့်နှစ်နာရီတိတိမှာ ကွင်းပိုင်ကြီးရှိတဲ့ ညောင်ပင်ကြီးကို သွားပြီး ကလေးအတွက် ခေါ်စာပစ်ပေးရမယ်. . ."

ဆရာချက်ကြီးရဲ့ စကားကြောင့် သူကြီးဖိုးသာအောင် တို့အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။

"ဘာ. . . ည ဆယ့်နှစ်နာရီမှာ. . .၊ ညောင်ပင်ကြီး ဆီသွားရမယ်. . . ဟုတ်လား. . ."

သူကြီးဖိုးသာအောင်ရဲ့ အမေးကြောင့် ဆရာချက်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး. . .

". . . ဟုတ်တယ်၊ သွားရမယ်. . .၊ ဆီမန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်၊ သူကျူးလွန်ခဲ့တဲ့နေရာက ဆိုင်ရာတွေကို ခေါ်စာပစ်ပြီး တောင်းပန်မှ အရှင်းပျောက်သွားမှာ. . . အဲ. . . ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ခေါ်စာပစ်တဲ့လူဟာ အိမ်သားပဲဖြစ်ရမယ်၊ ပြီးတော့. . . အငြိသားသမီးပဲ ဖြစ်ရမယ်. . ."

"ကဲ ခင်ဗျားတို့ထဲမှာ အငြိသားသမီး ရှိလား"

ဆရာချက်ကြီးအမေးကြောင့် အားလုံးရဲ့အကြည့်တွေဟာ မအေးစိန်အပေါ် စုပြုံကျသွားတယ်။

မအေးစိန်က သူ့ကို ခေါ်စာပစ် လွှတ်တော့မယ်ဆိုတာ ရိပ်မိသွားပြီး. . .

". . . ဟာ အမေတို့ကလည်း ကျုပ်က အပျိုလေးဖြစ်ပြီး ညဥ့်သန်းခေါင် အပြင်ထွက်ရမတဲ့လား. . .၊ မထွက်ရဲဘူး၊ ကျုပ် ကြောက်တယ်. . ."

လို့ ကပျာကယာ ငြင်းဆန်လိုက်တယ်။

"ဟဲ့. . . အေးစိန်၊ ညည်း အပိုမပြောနဲ့. . .၊ ညည်း မကြောက်တတ်တာ ငါတို့သိတယ်၊ ညည်းပဲ သူများတွေ သရဲခြောက်ခံရတယ်ပြောရင် အေးစိန်တို့နဲ့များ နေရာချင်းလဲချင်စမ်းပါ့၊ သရဲတွေဆို့ကတော့ ဖက်ပြီးတောင် နပမ်းလုံးမှာဆို၊ လျှာမရှည်နဲ့၊ ညည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ည ခေါ်စာသွားပစ်ရမယ်၊ အေး. . . သရဲတွေ့ရင် လည်း တစ်ခါတည်း နပမ်းလုံးခဲ့. . . ”

ကလေးအမေ မအေးမိရဲ့ ချက်ကောင်းကို ကိုင်လိုက်တဲ့စကားကြောင့် မအေးစိန်တစ်ယောက် ဘာမှမပြောရဲတော့ဘူး။

သရဲတွေ့ရင် နပမ်းလုံးပစ်မယ်လို့ ပါးစပ်ဆော့မိတာလေ။ ခံလိုက်စမ်း. . . အေးစိန်ရေ. . .

ဒီအချိန်မှာပဲ သူကြီးကတော်ကြီးက. . .

“ခေါ်စာပစ်ဖို့ လိုအပ်တာ ပြောပါအုံး ဆရာကြီး” လို့ ဆရာချက်ကြီးကို မေးလိုက်တယ်။

ဆရာချက်ကြီးက မျက်လုံးကို စုံမှိတ်လိုက်ရင်း ခဏကြာမှ. . .

“ကြက် တစ်ကောင်လုံးကို ကလီစာမထုတ်ဘဲ ကြော်ရမယ်၊ မုန့်ဖြူ မုန့်နီရယ်၊ ခေါင်ရည်တစ်ခွက်ရယ်ကို ဇကောတစ်ချပ်မှာ ၄က်ပြောရွက်ခင်းပြီးထည့်၊ အဲ နေအုံး၊ ထမင်းဖြူ တစ်ပုံပါထည့်၊ ပြီးရင် ကလေးရဲ့ နေ့နံနဲ့နာမည်ကို ရေးရွတ်ပြီး ကွင်းပိုင်ကြီးကို ပသရမ်တယ်၊ ကလေးမှာစွဲကပ်နေတဲ့ အမှောင့်တွေကို ပြန်ရုပ်သိမ်းပေးပါလို့ ရိုရိုသေသေနဲ့ပြော. . .

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောဆိုပြီး ကလေးငယ်ကို ဆီမန်းတိုက်လိုက်တယ်။

ခဏကြာတော့ ဗိန္ဓောဆရာချက်ကြီးဟာ ခြေကြွခနဲ့ ဆေးကုသခယူပြီး လာရာလမ်းကို ကြွမြန်းသွားတော့တယ်။

မအေးစိန် တစ်ယောက်ကတော့ သန်းခေါင်ချိန် ခေါ်စာ ပစ်ရမယ့်အရေးကို တွေးမိပြီး ဇောချွေးတွေပျံနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဝေါဓာပစ်တဲ့ညမှာ
# ဘာဖြစ်မလဲ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

ဝေါဟာပဓိပြီ...

www.burmeseclassic.com

www.burmeseclassic.com

# ၃

. . . ဆယ့်နှစ်နာရီတိတိ အချိန်. . .

အုန်းမောင်းခေါက်သံ ဆယ့်နှစ်ချက် ကြားစဉ်မှာပဲ မအေးစိန်တစ်ယောက် ခေါစာဗန်း ခေါင်းပေါ် ရွက်ပြီး ရွာအနောက်ပိုင်းကို ထွက်ခဲ့တယ်။

ကြောက်စိတ် ကြောင့်လား. . . အအေးဓာတ်

www.burmeseclassic.com

 www.burmeseclassic.com 

ကြောင့်လားမသိဘူး။

ခြေလက်တွေအေးစက်ပြီး သူ့တစ်ကိုယ်လုံး နတ်ဝင်သည် တစ်ယောက်လို တုန်ရင်နေတယ်။

လူ့ခြေတိတ်ချိန်ဆိုတော့ ပတ်ဝန်းကျင်မှာ သစ်ရွက်လှုပ်ခတ်သံကလွဲပြီး ငြိမ်သက်နေတယ်။

မအေးစိန်တစ်ယောက် ကြောက်စိတ်နဲ့ သုတ်ခြေတင်ခဲ့တာ ကွင်းပိုင်ကြီးရှိတဲ့ ညောင်ပင်ကြီးအနား ရောက်မှန်းမသိ ရောက်လာခဲ့တယ်။

ည အမှောင်ကြီးမှာ မည်းမည်းကြီးရှိနေတဲ့ နွယ်တွေ၊ ဆံမြိတ်ချထားသလိုကျနေတဲ့ ညောင်ပင်အိုကြီးကို မြင်ရတာ မအေးစိန်အဖို့တော့ သရဲ၊ သဘက်ထက်ပိုပြီး ကြောက်ဖို့ကောင်း နေတယ်။

မအေးစိန်ဟာ ညောင်ပင်ကြီးရဲ့ အရင်းနားကို ကတုန်ကရင် တိုးကပ်သွားပြီး ခေါစာဇန်းချဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ မှောင်ရိပ်ထဲက လက်မည်းကြီးတစ်စုံထွက်လာပြီး မအေးစိန်ရဲ့ တစ်ကိုယ်လုံးကို သိမ်းကြုံး ဆွဲယူသွားတယ်။

"အမလေး. . ."

လို့ ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့မအေးစိန်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အသံက ဆောင်းညချမ်းကို ဖုံးအုပ်သွားတယ်။ ခေါ်စာဗန်းလေးကတော့ ညောင်ပင်ခြေရင်းမှာ ပြန့်ကျဲကျန် ရစ်တယ်။

သူကြီးဖိုးသာအောင်တို့ လူစုကတော့ မအေးစိန် အိမ် ပြန်အလာကို စိုးရိမ်တကြီး စောင့်မျှော်နေကြတယ်။

"...အေးမိ နင့် ညီမ သွားတာ ကြာလှပြီ၊ ခုထိ မလာသေးပါလား"

သူကြီး ဖိုးသာအောင်ရဲ့ စကားကြောင့် မအေးမိက အိပ်ချင်မူးတူးလေသံနဲ့...

"အဖေကလည်း... မွေးကတည်းက ဒီရွာမှာ နေလာတဲ့ဟာ... ဘာမှ စိုးရိမ်စရာမရှိဘူး၊ အဖေ့ သမီးက စွာလည်းစွာတယ်၊ သူကြီးသမီးဆိုတာလည်း တစ်ရွာလုံး ခွေးကအစသိနေတာ၊ ဘာမှစိတ်ပူမနေနဲ့၊ အချိန်တန်ရင် ပြန်လာလိမ့်မယ်၊ အဖေ အိပ်စရာရှိတာ သာအိပ်၊ ကျုပ်တို့လည်း အိပ်ပြီ..."

လို့ ပြောဆိုပြီး ကလေးကိုဖက်ရင်း အိပ်ပျော်သွားရှာတယ်။

သူကြီး ဖိုးသာအောင်ဟာမအေးမိရဲ့စကားကြောင့် စိတ်သက်သာရာရသွားပြီး သူကြီးကတော်နဲ့အတူ အိပ်ရာဝင် ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# "မအေးခိုင် ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

# မအေးခိုင်ကို ဆွဲသွားတာ
# အရက်သမားတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

# နောက်
# နေ့

. . . . . . . မနက်မှာတော့ မအေးစိန်ပျောက်တဲ့ သတင်းက နဂါးစုတစ်ရွာလုံး အုန်းအုန်းကြွက်ကြွက် ဖြစ်သွားတယ်။

သူကြီးဖိုးသာအောင်တို့ မိသားစုကတော့ အိမ်ထဲမှာ ခေါင်းချင်းရိုက်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် တော့်ကိုပြောတာပေါ့၊ ညက အေးစိန် အပြန်စောင့်ရအောင်ဆိုတာ ခုတော့ ကိုယ်ကျိုးနဲ့ပြီ ရှင့်. . ."

သူကြီးကတော်ဟာ. . . ဒူးနဲ့မျက်ရည်သုတ်ရင်း ယောက်ျား ဖြစ်သူကို အပြစ်ပြောလိုက်တယ်။

သူကြီး ဖိုးသာအောင်ကတော့ သူ့အပြစ်နဲ့သူမို့ ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ပြီး. . .

"အေးပါမဝိုင်းရယ်မင့်မလည်းငါ့ချည်းအပြစ်ဖို့နေ ပြန်ပြီ၊ ငါလည်းညက မင်းချက်ကျွေးတဲ့ ငါးသလောက် ပေါင်းနဲ့ မျှစ်ချဉ်တွေ အစားလွန်ပြီး အိပ်ပျော်သွား လို့ပါ"

လို့ ညည်းညူလိုက်တဲ့အခါ သူကြီးကတော်က

". . . အခု တော့်သမီး ပျောက်နေပြီ၊ ရှင် သူကြီး တစ်ယောက်ဖြစ်ပြီး ဘယ်လိုရှင်းမလဲ. . . ပြော ကျုပ် သမီး မတွေ့လို့ကတော့ ရှင်မလွယ်ဘူးမှတ်"

လို့ ရာဇသံပေးလိုက်တယ်။

"ငါလည်း ဖိုးအောင်တို့ ခေါင်းကြီးတို့ ကာလသား တစ်စုကို အရှာလွှတ်ထားပါတယ်ကွာ၊ ခေါစာမိရင်း များမင်းသမီး သူငယ်ချင်းအိမ် အလည်လွန်နေသလား

www.burmeseclassic.com

www.burmeseclassic.com



မှ မသိတာ"

သူကြီး ဖိုးသာအောင်ရဲ့စကားကြောင့် သူကြီးကတော်ကြီးဟာ ဒေါသငယ်ထိပ်တက်သွားပြီး. . .

"အမလေး. . . ကိုရင်. . . ဒါ ရှင်မွေးထားတဲ့ သမီးနော်၊ ရှင့်သမီးအကြောင်း ရှင် မသိဘူးလား၊ ကလေးက ညည့်နက်သန်းခေါင် အိမ်လည်တတ်တဲ့ လူစားလားရှင့်. . .၊ ကျုပ် သမီးလေးက ပါးစပ်သာဆိုးတာ ဗိုင်းကောင်းကျောက်ဖိလေး ရှင့်. . .၊ ရွာထဲမှာလည်း ပြောကုန်ကြပြီ၊ ကျုပ်သမီးလေးက လိပ်ပြာလှလို့ အရက်သမားတစ္ဆေ ဖမ်းစားသွားတာတဲ့"

လို့ ငိုကြီးချက်မနဲ့ ပြောလိုက်တယ်။

အရက်သမားတစ္ဆေဆိုတဲ့ စကားကြောင့် သူကြီးဖိုး သာအောင်ရော မအေးမိပါ မျက်လုံးပြူးသွားပြီး. . .

"အရက်သမားတစ္ဆေ ဟုတ်လား၊ အမေ့ကိုဘယ်သူ ပြောလဲ. . ."

လို့ မအေးမိက အထိတ်တလန့် မေးလိုက်တဲ့အခါ သူကြီးကတော်က. . .

"ငါလည်းမသိပါဘူးတော်. . .၊ ခုနက ရွာထဲသွားပြီး မအေးစိန်အကြောင်း စုံစမ်းတော့ အကြော်သည်

www.burmeseclassic.com

www.burmeseclassic.com



ကုလားမ ပြောလိုက်တာပဲ၊ ဟိုး. . . တလောက အဲဒီ ညောင်ပင်ကြီးမှာ အရက်သမားတွေ မူးရူးပြီး သူ့ကိုယ်သူ သေကြောင်းကြံ ခဲ့တာလေ၊ အဲဒီတုန်းက. . . ညည်းအဖေကိုယ်တိုင် ဦးဆောင်ပြီး တစ်ကောင်ကြွက် တွေရဲ့အသုဘကို ချပေးခဲ့တာပဲ၊ ဟိုနေ့ကပဲ အကြော် သည်ဒေါ်ကုလားမက သူ့ မြေးရှင်ပြုဖို့ ငွေလိုတာနဲ့ ကြံရာမရဖြစ်ပြီး ညောင်ပင်က ကွင်းပိုင်ကြီးဆီမှာ အောင်ဘာလေဆုကြီး ပေါက်ရပါစေဆိုပြီး ဆုတောင်း ခဲ့တယ်တဲ့၊ ညရောက်တော့ ဒေါ်ကုလားမရဲ့ အိပ်မက် ထဲကို အရက်သမားတွေ ရောက်လာပြီး 'ဒေါ်ကုလား မ ခင်ဗျား ထီပေါက်ချင်ရင် ကျုပ်ကိုအပျိုပေး' ဆိုပြီး အိပ်မက်ပေးတယ်တဲ့၊ ဒေါ်ကုလားမတောင် တွေက သူ့ကို ထီဂဏန်းပေးတာပဲ ဆိုပြီး. . 'ထီပေါက်ချင်ရင် အပျိုပေး' ဆိုတာကို အတိတ်ကောက်ပြီး အောင် ဘာလေထီ ထိုးခဲ့သေးတယ်တဲ့၊ အခု. . . ခေါ်တာပစ် ရင်း မအေးစိန် ပျောက်သွားတော့ ဒေါ်ကုလားမက တစ္ဆေတွေဟာ တကယ်ပဲ အပျိုကိုဖမ်းစားသွားတာ ဆိုပြီး ရွာထဲမှာ လျှောက်ပြောနေတာလေ့. . ."

လို့ ပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်ကြီးရဲ့ စကားကြောင့် သူကြီးဖိုးသာအောင်ဟာ တက်ခေါက်လိုက်ပြီး. . .

"တောက်. . . အေးစိန် ပျောက်သွားတာ ဗိန္ဒောဆရာချက်ကြီးကြောင့်ပဲ၊ ငါ မကျေနပ်ဘူး၊ ချက်ကြီးနဲ့ စာရင်းသွား ရှင်းမယ်"

လို့ ကြုံးဝါးလိုက်ပြီး ဒေါသတကြီး ထွက်သွားတယ်။

လူပုစိတ်တိုဖြစ်တဲ့ ယောက်ျားအကြောင်းကို သိတဲ့ သူကြီးကတော်ဟာ အူလျားဖားလျား ပြေးလိုက်သွားတယ်။

ဗိန္ဒောဆရာ ချက်ကြီးရဲ့ အိမ်ရှေ့ရောက်တော့ သူကြီး ဖိုးသာအောင်ဟာ အနီးမှာတွေ့တဲ့ ထင်းခွဲဓားမကြီးကိုကောက် ဆွဲလိုက်ပြီး. . .

"ဟေ့ကောင် ချက်ကြီး ထွက်ခဲ့စမ်း"

လို့ ဒေါသတကြီး အော်ဟစ်ခေါ်လိုက်တယ်။

သူကြီး ဖိုးသာအောင်ရဲ့ အသံကြောင့် ဆရာချက်ကြီးဟာ အထိတ်တလန့်ဖြစ်သွားပြီး ပုဆိုးကိုစွန်တောင်ဆွဲ ထွက်လာတယ်။

"ဟေ့ကောင် ချက်ကြီး . . . . မင်း ခေါ်စာပစ်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းလို့ ငါ့သမီးအေးစိန် ပျောက်သွားပြီ၊ ဒီကိစ္စကို မင်းဘယ်လိုရှင်းမလဲ”

သူကြီး ဖိုးသာအောင်ရဲ့ ကြိမ်းမောင်းသံကြောင့် ဆရာ ချက်ကြီးဟာ မျက်နှာပျက်သွားပြီး. . .

“ကျုပ်က . . . ကလေးအတွက် ခေါ်စာပစ်ခိုင်း တာပဲဗျ၊ အေးစိန်ပျောက်တာ ကျုပ်နဲ့ဘာဆိုင်လို့လဲ သူကြီးရာ. . .”

လို့ ပြန်ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင် ဟာ ဒေါသအကြီးအကျယ်ထွက်သွားပြီး

“ဟေ့ကောင်. . . မင်းကြောင့် အေးစိန်ပျောက် သွားတာကွ၊ မင်း ငါ့သမီးကို တွေ့အောင်ရှာပေး၊ အေး . . . . မတွေ့လို့ကတော့ ငါ့အိမ်က ထိပ်တုံး အကြောင်း သိတယ် နော်”

လို့ ကြုံးဝါးလိုက်တယ်။

ဆရာချက်ကြီးဟာ ထိပ်တုံးဆိုတဲ့ အသံကြောင့် မျက်နှာ အကြီးအကျယ်ပျက်သွားတယ်။

နဂါးစုတစ်ရွာလုံး သူကြီးဖိုးသာအောင်ရဲ့ ထိပ်တုံး ဆို သိပ်လန့်ကြတယ်။

အဲဒီ ထိပ်တုံးက နှယ်နှယ်ရရ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးဖိုးသာအောင်တို့အဖေလက်ထက်ကတည်းက သုံးလာတဲ့ ထိပ်တုံးကြီး. . .

ထိပ်တုံး အခတ်ခံရဖူးတဲ့လူတွေ ပြောစကားအရ ထိပ်တုံးခတ်ခံရပြီး သေသွားတဲ့သူတွေရဲ့ ဝိညာဉ်ရှိတယ်တဲ့။

ည . . . ည . . . ဆို ခွေးတွေဟာ ထိပ်တုံးကို ကြည့်ပြီး ထိုးဟောင်တတ်သလို တစ္ဆေသရဲလည်း သိပ်ခြောက်တယ်ဆိုပဲ. . .

ဒါကြောင့် ဆရာချက်ကြီးဟာ လက်တကာကာနဲ့

"မလုပ်ပါနဲ့ သူကြီးရယ်၊ အေးစိန်ကို ကျုပ် ကိုယ်တိုင် တွေ့အောင်ရှာပေးပါ့မယ်၊ ထိပ်တုံးတော့ မခတ်ပါနဲ့"

လို့ တောင်းပန်လိုက်မိတယ်။

ဒီအခါမှာပဲ သူကြီးကတော်ရောက်လာပြီး. . .

"တော်ပါတော့. . . ကိုရင်ရယ်၊ အရပ်က ကြားလို့မှ မကောင်းပါဘူး၊ သူလည်း ရှာပေးမယ် ပြောနေတဲ့ဟာ လာစမ်းပါ"

လို့ ပြောဆိုရင်း ယောက်ျားဖြစ်သူကို ဆွဲခေါ်သွားတယ်။

သူကြီးဖိုးသာအောင်ဟာ ချက်ကြီးကိုမကျေမချမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း သူကြီးကတော်ရဲ့လက်မှာ ပါသွားရှာတယ်။

သူကြီးထွက်သွားတော့မှ ချက်ကြီးဟာ သက်ပြင်းချနိုင်ပြီး. . .

“. . ငါ့နှယ်. . . တတ်သလောက် မှတ်သလောက် ပညာလေးနဲ့ လုပ်စားမိပါတယ်၊ ပြဿနာကို စုံနေတာပဲ၊ ဝေဒဝိဇ္ဇာ ဆရာခေါင်ဆီသွားပြီး ဇာတာတွက်ခိုင်းရအုံး မယ်”

လို့ မျက်နှာသေလေးနဲ့ ရေရွတ်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

"သူကြီးဖိုးသာအောင်တို့
ဘာလုပ်ကြမလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

## သူကြီးကတော်ရဲ့သောကမီး

www.burmeseclassic.com

www.burmeseclassic.com

# သူ
# ကြီး
# က
# တော်

. . . . . တစ်ယောက် မအေးစိန် စိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ရတယ်။

သူကြီးဖိုးသာအောင်နဲ့ မအေးမိဟာ ဆရာပေါင်းစုံနဲ့ ကုသပေမယ့် သူကြီးကတော်ကြီးကတော့ အိပ်ရာထဲက မထနိုင်ရှာဘူး။

www.burmeseclassic.com

www.burmeseclassic.com



မှောင်စပျိုးချိန် တစ်ခုမှာတော့ သူကြီးကတော်ကြီးဟာ ခြံဝိုင်းဘက်ကို လှမ်းကြည့်ရင်း. . .

"ဟဲ့ ခြံဝက ဘယ်သူတုန်း၊ ဝင်လာခဲ့လေ"

လို့ လှမ်းပြောလိုက်တယ်။

မအေးမိဟာ မိခင်ရဲ့အသံကြောင့် ထမင်းချက်နေရာက ပြေးထွက်လာပြီး. . .

"ဘယ်သူတုန်းအမေ မှောင်ချိန်ရောက်မှ. . ."

လို့ မေးလိုက်တဲ့အခါ သူကြီးကတော်ဟာ အိပ်ရာထဲ လဲလျက်အနေအထားနဲ့. . .

"ဘယ်သိမလဲဟဲ့. . . ခြံဝမှာ လူရိပ်တွေ့လိုက်တယ်၊ ညည်း ထွက်ကြည့်စမ်း"

လို့ ခပ်ဆတ်ဆတ် ပြောလိုက်တယ်။

မအေးမိဟာ မိခင်ရဲ့စကားကြောင့် အိမ်ရှေ့ထွက်ကြည့်လိုက်တယ်။

ဘယ်သူမှ မရှိဘူး။ ဒါကြောင့် အိမ်တံခါးကို ပိတ်လိုက်ပြီး. . .

". . . ဘယ်သူမှ မရှိဘူး၊ အမေ. . . စိတ်ထင်လို့ဖြစ်မှာပါ"

လို့ ပြောလိုက်တဲ့အခါ သူကြီးကတော်က မအေးမိ

www.burmeseclassic.com

www.burmeseclassic.com



ကို မျက်ထောင့်နီကြီးနဲ့ ကြည့်လိုက်ရင်း . . .

"ဟဲ့. . . ငါ သေချာမြင်လိုက်တာပါ၊ ဘယ့်နှယ် စိတ် ထင်ရမှာလဲ"

လို့ မကျေမချမ်း ပြောလိုက်တယ်။

မိခင်ဖြစ်သူရဲ့အမူအရာကြောင့် မအေးမိဟာ နှုတ်ခမ်းစူသွားပြီး. . . .

"အမေကလေ. . နေထိုင်မကောင်း ဖြစ်နေတာတောင် စိတ်မလျှော့ချင်ဘူး၊ ဒေါသမကြီးနဲ့ အမေရေ. . . . တော်ကြာ ပြဿနာဖြစ်နေအုံးမယ်"

လို့ ပြောလိုက်တဲ့အခါ သူကြီးကတော်ကြီးဟာ မအေးမိရဲ့ခေါင်းကို သနပ်ခါးတုံးနဲ့ပစ်ပေါက်လိုက်ရင်း. . .

"မအေကိုပြန်မပြောနဲ့. . . ဗိုက်ဆာပြီ. . ထမင်းထည့်ခဲ့. . ."

လို့ ပြောလိုက်တယ်။

မအေးမိဟာ မိခင်ဖြစ်သူရဲ့စကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီး. . .

"ဟင်. . . မနက်ကကျတော့ ထမင်းတောင် မစားနိုင်ဘူးဆိုပြီး ဆန်ပြုတ်, ပြုတ်ခိုင်းတယ်၊ အခု. . . . ထမင်းစားမလို့လား. . ."

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တယ်။

ဒီအခါမှာ သူကြီးကတော်က မအေးမိကို စူးစိုက်ကြည့်လိုက်ရင်း. . .

"ငါစားချင်တာစားမှာပေါ့. . .၊ထမင်းယူခဲ့စမ်းပါအေ. . . ဗိုက်ဆာလှပြီ. . ."

လို့ ရေရွတ်လိုက်တယ်။

သူကြီးကတော်ဟာ ထမင်းဝိုင်း သူ့ရှေ့ရောက်တဲ့အခါ ထမင်းကို အငမ်းမရ စားတော့တယ်။

မအေးမိတစ်ယောက် မိခင်ဖြစ်သူကို ကြည့်ရင်း မျက်လုံးပြူးလာပြီး. . .

". . . .ဟုတ်မှဟုတ်ရဲ့လား အမေရယ်၊ ထမင်းတွေ အများကြီးစားပြီး အစာမကြေရင် ခက်ချည်ရဲ့"

လို့ ရေရွတ်လိုက်တဲ့အခါ သူကြီးကတော်ဟာ ခေါင်း မဖော်တမ်းစားရင်းက. . .

"ထမင်းထည့်အုံး"

လို့ တောင်းလိုက်ပြန်တယ်။

". . . အမေ. . အမေ စားနေတာ သမီးတို့သုံးယောက် ညစာစားဖို့ချက်ထားတဲ့ ဆန်လေးလုံးချက်ကုန်နေပြီ၊ အမေ မဝသေးရင် ခဏစောင့်မှ ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သမီး ထမင်းတည်ရအုံးမယ်"

လို့ ပြောလိုက်တဲ့အခါမှ သူကြီးကတော်ကြီးဟာ မျက်နှာတည်သွားပြီး

"ဒါဆိုလည်း တော်ပါပြီအေ. . .၊ မနက်မှ စားတော့မယ်၊ ထမင်းစားမဝင်တာ ကြာလို့လားမသိဘူး၊ ခံတွင်း တွေ့လိုက်တာ၊ မနက်စာကို များများချက်နော်"

လို့ ပြောလိုက်တယ်။

မအေးမိဟာ မိခင်ဖြစ်သူကို ဘာမှ မပြောတော့ဘဲ ထမင်းဝိုင်းကို သိမ်းဆည်းလိုက်တယ်။

သူကြီးကတော်ဟာ စားသောက်ပြီး အိပ်ယာထဲ ပြန် လှဲနေပြန်တယ်။

မအေးမိတစ်ယောက် ပန်းကန်ခွက်ယောက် ဆေးကြောပြီးချိန်မှာတော့. . .

". . . မအေးမိ ညည်း ပြီးပလား၊ ပြီးရင် ငါ့လာ နှိပ်ပေးအုံး၊ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုပဲ၊ မလှုပ်နိုင်ဘူး"

ဆိုတဲ့ မိခင်ရဲ့အသံကို ကြားလိုက်ရပြန်တယ်။

ဒါကြောင့် လုပ်လက်စတွေကို သိမ်းဆည်းပြီး

www.burmeseclassic.com

www.burmeseclassic.com



မိခင်ရှိရာကိုလာခဲ့တယ်။

မအေးမိဟာ မိခင်ဖြစ်သူကို အချိန်ကြာမြင့်စွာ နှိပ်နယ် ပေးရင်း. . .

"သက်သာရဲ့လား အမေ. . . ၊ အေးစိန်အတွက်နဲ့ စိတ်ပင်ပန်း သိပ်မခံပါနဲ့အမေရယ်၊ စိတ်ထောင်းတော့ ကိုယ်ကြေတယ် အမေရဲ့. . ."

လို့ ပြောလိုက်တယ်။

သူကြီးကတော်ကတော့ မအေးမိကို စကားမတုံ့ပြန်ဘဲ အသာမှိန်းနေလိုက်တယ်။ ဒီအချိန်မှာပဲ သူကြီးဖိုးသာအောင် ရောက်လာပြီး. . .

". . . ဟဲ့. . . အေးမိ၊ ညည်းအမေ ဘယ်လိုနေသေးလဲ. . ."

လို့ မေးလိုက်တယ်။

မအေးမိက မိခင်သက်သာကြောင်း ထမင်းစားဝင်ပြီဖြစ်ကြောင်း ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ စိတ်သက်သာရာ ရသွားပြီး. . .

"အေးလေ. . . သက်သာတော့ ကောင်းတာပေါ့၊ ငါ့မလည်း အေးစိန်အတွက် စိတ်ပူရတာနဲ့ နင့်အမေအတွက် ပူပန်ရတာနဲ့ ကြာရင်မလွယ်ဘူး၊ ဩော်. . .

www.burmeseclassic.com

www.burmeseclassic.com



ပြောရအုံးမယ်၊ အဖေ တစ်ဖက်ရွာက ဓာတ်ရိုက် ဓာတ်ဆင် ဆရာပိန်ကို ပင့်ထားတယ်၊ မနက်ဖြန် လာလိမ့်မယ်"

လို့ ပြောလိုက်တဲ့အခါ တစ်ချိန်လုံး ငြိမ်သက်နေတဲ့ သူကြီးကတော်ကြီးဟာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး

"အို. . . တော်ကလည်း ရှုပ်ရှုပ်ယှက်ယှက် ဘာတွေ လျှောက်လုပ်နေတာလဲ. . ."

လို့ ပြောလိုက်တယ်။

မိန်းမဖြစ်သူရဲ့ စကားကြောင့် သူကြီး ဖိုးသာအောင် ဟာ တအံ့တသြဖြစ်သွားပြီး. . .

"အမလေးဗျာ. . . ဒါက ဘယ်လိုဖြစ်ရတာတုန်း၊ ဒီအိမ်မှာ ခင်ဗျားကြီးလောက် အကြားအမြင်၊ ဗေဒင်ဆရာတွေနဲ့ ပတ်သက်တဲ့ သူမရှိဘူး. . .၊ အံ့ချက်ဗျာ. . ."

လို့ ရေရွတ်လိုက်မိတယ်။

သူကြီး ဖိုးသာအောင်ရဲ့ စကားကြောင့် သူကြီးကတော်ဟာ လေသံတိုးသွားပြီး. . .

"ဩော်. . ကိုရင်ရယ် အေးစိန်ပျောက်သွားတာ ဆရာ ချက်ကြီးကြောင့် မဟုတ်လား. . . ဒါကို တွေး

www.burmeseclassic.com

www.burmeseclassic.com



မိပြီး ပြောလိုက်တာပါတော်၊ ဆရာပိန်နဲ့ ဘာဆိုင်လို့တုန်း"

လို့ဆိုပြီး. . . စောင်ကြီးခေါင်းမြီးခြုံ အိပ်နေလိုက်တယ်။

သူကြီးဖိုးသာအောင်ဟာ သမီးစိတ်ကြောင့် စိတ်ကယောက်ဂယက်ဖြစ်နေတဲ့ မိန်းမဖြစ်သူကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာပိန်...လာရင်
ဘာလုပ်ဦးမလဲ..."

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

# နောက်

# နေ့

. . . . မနက်မှာတော့. . . ခတ်ရိုက်၊ ခတ်ဆင် ဆရာပိန်ဟာ တပည့်တွေခြံရံပြီး သူကြီးအိမ်ကို ကြွလာတယ်။

မအေးမိဟာ ပိုးပုဆိုး တပြောင်ပြောင်. . . ရွှေတွေ ပြိုးပြိုးပြက်ပြက်နဲ့ ဆရာပိန်ကိုကြည့်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"အဖေတစ်ယောက် ဗေဒင်ဆရာနဲ့ နတ်ကတော်များ ပင့်လာပြီထင်တယ်"

လို့ တွေးလိုက်မိတယ်။

သူကြီး ဖိုးသာအောင်ဟာ ဆရာပိန်နဲ့ တပည့်တွေကို မြင်တဲ့အခါ ဝမ်းသာအားရ ခရီးဦးကြိုပြုရင်း. . .

". . . ကြွပါဆရာကြီး၊ အိမ်ဦးခန်းကို ကြွပါ"

လို့ လောကွတ်ပြုလိုက်တယ်။

ဆရာပိန် အိမ်အတက် လှေကားနားရောက်တော့ တပည့်တစ်ယောက်က. . .

"အိမ်ပေါ်မတက်ခင် ခြေလက်ဆေးမယ်၊ ဆရာကြီးအတွက် နံ့သာဖြူရေ စီစဉ်ပေး"

လို့ တောင်းဆိုလိုက်တယ်။

". . . သမီးရေ. . . အေးမိ၊ ဆရာကြီးအတွက် နံ့သာဖြူ လုပ်ပေးပါအုံးကွယ်"

သူကြီးဖိုးသာအောင်က မအေးမိကို လှမ်းပြောလိုက်တယ်။

". . . အမလေး. . . အိမ်ပေါ်တောင် မရောက်သေးဘူး၊ ကြီးကျယ်နေလိုက်တာ. . . ဟွန်း. . . သူများတွေ မျက်နှာလိမ်းတဲ့ နံ့သာဖြူနဲ့များ ခြေထောက်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ချင်ရသေး၊ အဲ့ပါ့. . ."

မအေးမိတစ်ယောက်တစ်ကိုယ်တည်းရေရွတ်ရင်း နံ့သာဖြူရည် ယူပေးလိုက်တယ်။

ဆရာပိန်ဟာ မအေးမိသွေးထားတဲ့ နံ့သာဖြူရည်နဲ့ ခြေလက်ဆေးကြောပြီး အိမ်ပေါ်တက်သွားတယ်။

အိမ်ပေါ်ရောက်တဲ့အခါ တပည့်တစ်ဦးက ဆရာပိန်ထိုင်ဖို့အတွက် အသင့်ယူလာတဲ့ ကတ္တီပါအနီစကြီးကို သင်ဖြူးဖျာပေါ် ထပ်ခင်းပေးပြန်တယ်။

ဆရာပိန်ဟာ အိမ်ဦးခန်းမှာ မိန့်မိန့်ကြီးထိုင်နေချိန်မှာတော့ သူကြီးဖိုးသာအောင်ဟာ အထင်ကြီးစိတ် အပြည့်နဲ့ ဆရာပိန်ရှေ့ ဒူးတုပ်ထိုင်လိုက်တယ်။

"ခင်ဗျားတို့အိမ် မသန့်ဘူး၊ တစ်အိမ်လုံး တရော်ကင်ပွန်းနဲ့ ဆေးပစ်ရမယ်"

လို့ ပြောလိုက်တဲ့အခါ မအေးမိက ဝင်ပြီး. . .

"သန့်ပါတယ် ဆရာရဲ့၊ ကျုပ်တို့က မိုးလင်းတာနဲ့ ကြမ်းကို ပြောင်အောင်တိုက်ပြီးပြီ၊ ကြည့်ပါလားဆရာ ဖုန်တစ်စက်တွေ့လို့လား"

လို့ ခနဲ့တဲ့တဲ့ ပြောလိုက်တဲ့အခါ ဆရာပိန်ဟာ မျက်နှာကြီးနီမြန်းသွားပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ခြေနှစ်ချောင်း ထွက်ကိန်းရှိတယ်. . ."

လို့ ထပ်ခဲ့ပြောပြန်တယ်။

". . . ဟုတ်တယ်. . ဆရာကြီး မအေးစိန်ပျောက်နေတော့ ခြေနှစ်ချောင်းထွက်တာပေါ့"

သူကြီးရဲ့ စကားကို ဆရာပိန်က ခေါင်းရမ်းပြလိုက်ပြီး. . .

". . . အေးစိန်ကို ပြောတာမဟုတ်ဘူး၊ နောက်ထပ် ထွက်အုံးမှာ. . ."

လို့ ပြောလိုက်တဲ့အခါ သူကြီးဟာ မိန်းမအတွက်စိုးရိမ်သွားပြီး. . .

". . . ကျုပ် မိန်းမက သူ့သမီးစိတ်နဲ့ အိပ်ရာထဲလဲနေတာပါ၊ ကယ်ပါအုံး ဆရာရယ်၊ ကျုပ်တို့ ဘာဆက်လုပ်ရမလဲ"

လို့ ထိတ်ထိတ်ပြာပြာ မေးလိုက်မိတယ်။

သူကြီးရဲ့ အားကိုးတကြီးအမေးကြောင့် ဆရာပိန်တစ်ယောက် အချိုရှာ သကာတွေ့သွားပြီး. . .

"ဒီအတွက် ကျုပ်. . . အကောင်းဆုံး ဓာတ်ရိုက်ပေးခဲ့မယ်၊ အဲ. . . ဉာဏ်ပူဇော်ခကတော့ ရွှေတစ်ကျပ်သားတင်မှ ရမှာနော်. . .၊ တတ်နိုင်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တဲ့အခါ သူကြီးဟာ မခံချင်ဖြစ်သွား ပြီး. . . .

"ရွှေ တစ်ကျပ်သားလောက်ဟော့ ဖိုးသာအောင် တို့က မမှုသေးဘူး၊ ကျုပ်မိန်းမအသက်ကိုသာ ကယ် တင်ပေးပါ၊ ပေး မယ်"

လို့ ပြောလိုက်တယ်။

ဖခင်ရဲ့ ကတိစကားကြောင့် မအေးမိတစ်ယောက် ရင်ဘတ်ဖိလိုက်ရင်း. . .

"အဖေ ဘာတွေပြောနေတာလဲ၊ ရွှေ တစ်ကျပ် သားဆိုတာ မနည်းဘူးနော်၊ ကြည့်လုပ်အုံး. ."

လို့ လေသံနဲ့ ပြောလိုက်တယ်။

ဆရာပိန်ရဲ့ တပည့်တစ်ယောက်က မအေးမိပြော တဲ့စကားကို ကြားသွားပြီး. . .

"လူ့အသက်က ရွှေနဲ့မလဲနိုင်ဘူးနော်၊ အစိမ်းသရဲ က ခင်ဗျားအမေရဲ့ အသက်ကို နှုတ်သွားမှ ဒုက္ခ ရောက်မယ်"

လို့ ခြိမ်းခြောက်သလို ပြောလိုက်တဲ့အခါ သူကြီး ဖိုးသာအောင်ဟာ မျက်နှာပျက်သွားရင်း. . .

"ကျုပ်. . . ရွှေတစ်ကျပ်သား ပေးမယ်၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ အသက်ကိုသာ ကယ်တင်ပေးပါ"

လို့ ပြောလိုက်ပြန်တယ်။

ဒီအခါမှာဆရာပိန်ဟာ အိတ်အတွင်းက အဆောင်ပစ္စည်းတစ်ခုကို ထုတ်လိုက်ရင်း. . .

". . . ဒါ အင်းတစ်မျိုးပဲ၊ ဒါကို လှေကား အတက်အဆင်းမှာ မြှုပ်ထားလိုက်"

လို့ ပြောပြီး သူကြီးလက်ထဲ ထည့်လိုက်တယ်။

သူကြီးလည်း အင်းချပ်လေး လက်မှာကိုင်ရင်း ဆရာပိန်ထံ ရွှေတစ်ကျပ်သားကို ကျေကျေနပ်နပ်ကြီး ပေးအပ်လိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# သူကြီးကဝေါ်
# အစိမ်းသရဲပူးတာ
# တကယ်ပဲလား

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

မ

အေး

မြ

. . . . . . . တစ်ယောက် ပြောင်သလင်းခါနေတဲ့ ထမင်းဟင်းအိုးကိုကြည့်ပြီး . . .

"အမလေး. . . . အဖေရေ. . . လုပ်ပါအုံးဗျာ့"

လို့ အော်ဟစ်လိုက်တယ်။

မအေးမိအော်သံကြောင့် သူကြီးဖိုးသာအောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားပြီး မီးဖိုထဲ ပြေးဝင်ခဲ့တယ်။

"ဟဲ့. . .ဟဲ့. . . ဘာဖြစ်တာလဲ"

ဖခင်ရဲ့အမေးကြောင့် မအေးမိဟာ မျက်လုံးအပြူး သားနဲ့. . .

"ကျုပ် . . . ကျုပ်. . . မနက်စာ ချက်ပြုတ်ထား တာတွေ မရှိတော့ဘူး. . ."

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ "ဟာ" ခနဲဖြစ်သွားပြီး. . .

"ဟေ. . . မရှိဘူး. . . ဟုတ်လား. . . . ခွေးများ တက်ဆွဲသလားဟဲ့"

လို့ မေးလိုက်မိတယ်။

"အို. . . အဖေကလည်း အိမ်ပေါ်ကို ဘယ်လို လုပ် ခွေးတက်ဆွဲမလဲ. . ."

မအေးမိရဲ့ စကားမဆုံးခင်မှာဘဲ

"အဲဒါ ငါစားလိုက်တာ၊ ဗိုက်ဆာလို့ အကုန်စား ပစ်လိုက်တယ်"

သူကြီးကတော်ကြီးရဲ့ လှမ်းပြောလိုက်တဲ့ စကား ကြောင့် သားအဖနှစ်ယောက် အကြီးအကျယ် အံ့ဩသွား ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



". . . အဖေ. . အမေ့ကြည့်ရတာ အပမှီနေလား မသိဘူး၊ အိပ်ရာထဲလဲတော့မှ ထမင်းတွေ ပိုစားနေတယ်၊ အဖေ ကြည့်လုပ်အုံးနော်"

မအေးမိရဲ့စကားကြောင့် သူကြီးဖိုးသာအောင်ဟာ စဉ်းစားရကျပ်သွားပြီး. . .

"နှလန်ထစ လူမမာဆိုတော့ ခံတွင်းလိုက်နေတာ ဖြစ်မှာပေါ့၊ ညည်း အစိုးရိမ်လွန်နေတာပါ အေးမိရယ်"

လို့ ပြောလိုက်တဲ့အခါ မအေးမိက တစ်စုံတစ်ခုကို သတိရဟန်နဲ့. . .

"အရင်က အမေဟာ ဘယ်တော့မှ အနင်းအနှိပ်ခံတာ မဟုတ်ဘူး၊ အခုဆို သမီးအားတာနဲ့ နှိပ်ခိုင်းတော့တာပဲ၊ မဟုတ်မှလွဲရော အမေ့ကို ဖုတ်များဝင်နေလားမသိဘူး၊ ကျုပ် ကြားဖူးတာတော့ ဖုတ်ဝင်ရင် ထမင်းတအားစားပြီး လူ့ အသားကို ထိနေရမှ နေနိုင်တာတဲ့"

လို့ ထင်ကြေးပေးလိုက်တယ်။

သမီးဖြစ်သူရဲ့ စကားကြောင့် သူကြီးဖိုးသာအောင်တစ်ယောက် မျက်ခုံးကြီးတွေ မြင့်တက်သွားပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . အေးမိ ကိုယ့်အမေကိုယ် ဒီလိုပြောရသလား၊ မဟုတ်တမ်းတရားတွေ လျှောက်မပြောနဲ့၊ မနေ့ကပဲ ခတ်ရိုက်ခတ်ဆင် ဆရာပိန်ကို အစီအရင်တွေ လုပ်ခိုင်းထားတာ၊ နင် စိတ်ထင်လို့ဖြစ်မှာပါ. . ."

လို့ ငြင်းဆန်လိုက်တဲ့အခါ မအေးမိက နှုတ်ခမ်းကို မဲ့လိုက်ပြီး. . .

". . . အဖေကသာ ဆရာပိန်ကို သိပ်အထင်ကြီးနေတာ၊ ကျုပ်တော့ ဒင်းကို ဆရာလိမ်လို့ပဲ ထင်တယ်၊ အဖေ သူ့ကို အရမ်းယုံကြည်နေမှန်းသိလို့ ကျုပ် မနေ့က ဘာမှမပြောတာ၊ တကယ်ဆို ဘာမှန်းမသိဘဲနဲ့ ရွှေတစ်ကျပ်သားကို ပက်ခနဲမပေးသင့်ဘူး"

လို့ ပြောလိုက်မိတယ်။

ဒီအခါမှ အရိုးခံကြီးဖြစ်တဲ့ သူကြီးဖိုးသာအောင်က သက်ပြင်းချမိရင်း . . .

"အဖေလည်း မပြောတတ်တော့ပါဘူး သမီးရယ်၊ မအေးစိန် ပျောက်သွားလို့ စိတ်သောကရောက်နေရတဲ့ အထဲ ညည်းအမေကပါ အိပ်ရာထဲလဲတော့ အဖေလည်း ပူထူနေတာအမှန်ပဲ၊ ဆရာလိမ်ဆိုလည်း အလှူလုပ်တယ်လို့ မှတ်လိုက်ပါ၊ သူကြမှ သူ့အကျိုးပေး

www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ အခု ညည်း အမေကိစ္စ ဘယ်လိုလုပ်ကြမလဲ. . .”

လို့ မေးလိုက်တဲ့အခါ မအေးမိက

“အခုတော့ ဘာမှမလုပ်နဲ့အုံး အမေ၊ ကျုပ် အခြေအနေ စောင့်ကြည့်အုံးမယ်”

လို့ ပြောလိုက်တယ်။

သူကြီးဖိုးသာအောင်တစ်ယောက် ရင်မောစွာနဲ့ပဲ မအေးမိအနားက ထွက်ခဲ့မိတယ်။

“. . . ဘုရား . . . ဘုရား. . . ဘယ်လို ကြမ္မာဆိုးများ ငါ့အိမ်ကို မွှေနေပါလိမ့်”



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

# ပရောဂဆရာ

www.burmeseclassic.com

www.burmeseclassic.com

# လေးရက်မြောက်နေ့

www.burmeseclassic.com

www.burmeseclassic.com

# သူကြီးကတော်

. . . အိပ်ရာထဲလဲတဲ့သတင်းက နဂါးစုတစ်ရွာလုံး ပျံ့နှံ့နေတယ်။

သူကြီး ဖိုးသာအောင်ဟာ မိန်းမဖြစ်သူအကြောင်းကို ဖုံးဖိထားပေမယ့် ရွာသားတွေနားထဲ သတင်းက ပေါက်ကြားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူကြီးအိမ်မှာ သတင်းမေးသူတွေ စုပြုံနေတယ်။

အကြော်သည် ဒေါ်ကုလားမက သူကြီးကတော်ကြီးနား ထိုင်နေရင်း. . .

"ဘယ်လိုဖြစ်တာလဲ သူကြီးကတော်ရယ်၊ အေးစိန်ပျောက်သွားတာနဲ့ အိပ်ရာထဲလဲတော့တာပဲ၊ ပျောက်သောသူ ရှာရင်တွေ့တဲ့၊ သူကြီးတို့ ဆရာချက်ကြီးတို့လည်း နေရာအနှံ့ လူလွှတ်ရှာနေကြတာပဲ၊ တရားနဲ့ဖြေပါ သူကြီးကတော်ရယ်၊ သူကြီးကတော် စားချင်တာရှိရင် ပြောလေ၊ ကျုပ်ကိုယ်တိုင် လုပ်ခဲ့ပေးမယ်"

လို့ ကရားရေလွှတ် ပြောလိုက်တဲ့အခါ သူကြီးကတော်ကြီးဟာ လေသံတိုးတိုးနဲ့. . .

"အိမ်က အေးမိတို့များ မအေ အိပ်ရာထဲလဲနေယုံနဲ့ ညှူစူချင်နေပြီ၊ ရှင်တို့လောက်သာ ကျုပ်သမီးတွေ သိတတ်ရင် သေပျော်ပါပြီတော်"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ စပ်စုတတ်တဲ့ ဒေါ်ကုလားမက သူကြီးကတော်ကြီးကို နှိပ်နယ်ပေးရင်း . . .

"ဟင်. . . မအေးမိက မအေလဲနေတာတောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မပေးဘူးလား. . .”

လို့ မေးလိုက်တဲ့အခါ သူကြီးကတော်ကြီးက လက်ကိုခါပြရင်း. . .

“မပြောချင်ပါဘူးအေ၊ မအေက ဟိုဟာလေးစားချင်ပါတယ်ဆိုလဲ မကြားချင်ယောင် ဆောင်နေတာတော့၊ သမီးဆိုတာ မီးတွေပါအေ၊ ဘာမှကို အားမကိုးရဘူး”

လို့ ပြောလိုက်ပြန်တယ်။

သူကြီးကတော်ရဲ့ စကားကြောင့် ဒေါ်ကုလားမဟာ မျက်နှာလုပ်ချင်တဲ့စိတ်နဲ့. . .

“သူကြီးကတော် ဘာစားချင်လဲ၊ ကျုပ်ကိုပြော. .၊ ဘယ့်နှယ် . . . တစ်ခါတစ်လေ နေမကောင်းတာပဲတော်၊ မအေးမိတို့များ လုပ်ပေးသင့်တာပေါ့”

လို့ ပြောလိုက်တဲ့အခါ သူကြီးကတော်က

“. . . ကျုပ် အမဲသားနဲ့ ပဲ ရောချက်တာ စားချင်လိုက်တာ. . .”

လို့ ဖြေလိုက်တယ်။

ဒေါ်ကုလားမလည်း သူကြီးကတော် စားချင်တာကို အခုချက်ပေးမယ်လို့ ကတိခံပြီး ပြန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဒေါ်ကုလားမတစ်ယောက် အမဲ ဟင်းချက်ဇလုံကြီးကိုင်ပြီး ရောက်လာပြန်တယ်။

မအေးမိတစ်ယောက် ဇလုံကိုင်ပြီး အိမ်ပေါ်တက် လာတဲ့ ဒေါ်ကုလားမကို တွေ့တဲ့အခါ. . .

"ဒေါ်ကြီး ဘာတွေတုန်း. . ."

လို့ မေးလိုက်မိတယ်။

"သူကြီးကတော်စားချင်တယ်ဆိုလို့ အမဲဟင်းချက်

လာပို့တာ"

ဒေါ်ကုလားမစကားကြောင့် မအေးမိဟာ တအံ့ တဩဖြစ်သွားပြီး. . . .

"ဘာ. . . အမေက အမဲဟင်းချက် စားချင်တယ်၊

ဟုတ်လား"

လို့ အထိတ်တလန့် အော်လိုက်မိတယ်။

မအေးမိအော်လိုက်တဲ့အသံကြောင့်ဒေါ်ကုလားမ တစ်ယောက် လန့်ဖျပ်သွားပြီး. . .

"ဟဲ့. . . ဟဲ့. . . ဘာလို့ ဒီလောက်အော်ရတာလဲ၊

ရော့. . . ရော့. . . ဇလုံယူထား၊ ငါပြန်မယ်"

လို့ ပြောဆိုရင်း ဇလုံကို လှမ်းပေးပြီး လှည့်ပြန်ခဲ့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ . . . အမဲဟင်းချက် စားမလို့ဆို၊ ဒေါ်ကုလားမ လာပို့သွားတယ်"

မအေးမိရဲ့ အသံကြောင့် အိပ်ရာထဲလဲနေတဲ့ သူကြီးကတော်က. . . .

"အမေ စားချင်တာ မဟုတ်ပါဘူး၊ ဒေါ်ကုလားမက သွေးအားကောင်းအောင် စားခိုင်းလို့ပါ"

လို့ လေသံတီးတိုး ပြောလိုက်တဲ့အခါ မအေးမိက

". . . အမေနော်. . . ကျုပ်တို့ တစ်အိမ်လုံး ခြေလေးချောင်းသားရှောင်တာ သိရဲ့နဲ့. . ၊ နောက် မစားပါနဲ့"

လို့ မကျေမချမ်း ပြောလိုက်တယ်။

ဒီအချိန်မှာပဲ သူကြီးဖိုးသာအောင် ရောက်ရှိလာတယ်။

မအေးမိက ဖခင်ကို လက်တို့ခေါ်ပြီး နောက်ဖေးဘက် ရောက်တော့မှ. . .

". . . ကျုပ်တို့ တွေးတာ မှန်နေပြီ အဖေ၊ အမေ ဒေါ်ကုလားမကို အမဲဟင်းချက်စားချင်တယ် ပြောလို့ အခုပဲ လာပို့သွားတယ်"

လို့တီးတိုး ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ခေါင်းနပမ်းကြီးသွားပြီး. . .

"... ဒီအတိုင်းဆို. . . ညည်းပြောတဲ့အတိုင်း ဖြစ်နေပြီ ထင်တယ်၊ တို့ တစ်အိမ်လုံး အမဲသားမှ မစားကြတာ၊ ဘယ်လိုလုပ်ကြမလဲ. . ."

လို့ ပြန်မေးလိုက်မိတယ်။

ဒီအခါမှာ မအေးမိက. . .

"တောင်ပိုင်းမှာ ပယောဂဆရာ ရှိတယ်လို့ ကျုပ်ကြားတယ်၊ အဲဒီဆရာကို သွားခေါ်မယ် အဖေ"

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်က

"ရွှေတစ်ကျပ်သား တင်နေရအုံးမယ်နော်၊ ငါတော့ ဆရာဆို လန့်နေပြီ. . ."

လို့ ပြောလိုက်ရှာတယ်။

"...အို. . . အဖေကလည်း၊ ကျုပ်က သေချာ စုံစမ်းပြီးမှ ခေါ်လာမှာပါ၊ အဖေသာ အိမ်မှာ အမေ့ကို ခဏကြည့်ထား"

ပြော်ဆိုပြီး ရွာတောင်ပိုင်းကို ထွက်ခဲ့တယ်။

တောင်ပိုင်း ရောက်တော့ ဆရာကြီးကို အကျိုး အကြောင်းရှင်းပြပြီး ချက်ချင်းခေါ်ခဲ့တယ်။

နဂါးစုရွာထဲ အဝင်မှာတော့ ရွာသားတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ပရောဂဆရာနဲ့ သူကြီးသမီးကိုကြည့်ပြီး အချင်းချင်း တီးတိုး ဝေဖန်ကြကုန်တယ်။

"...သူကြီးသမီး ပရောဂဆရာ ပင့်လာတယ်ဟေ့...၊ သူကြီးကတော် တစ္ဆေပူးနေပြီထင်တယ်"

ဆိုတဲ့စကားက တစ်ရွာလုံး ပျံ့နှံ့သွားတော့တယ်။

သူကြီးအိမ် ရောက်တော့ ပယောဂဆရာကြီးက ဘုရားစင်ရှေ့ ခြေချိတ်ထိုင်ရင်း...

"လူနာကို ငါ့ရှေ့ခေါ်ခဲ့စမ်း"

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်က မိန်းမဖြစ်သူနား ကပ်သွားပြီး...

"...မိန်းမရေ...နင့်ရောဂါက ဒီအတိုင်းနေလို့ မရဘူး၊ ဆေးကုရလိမ့်မယ်၊ အပြင်မှာ ဆရာရောက်နေတယ်၊ ခဏ အပြင်ထွက်လိုက်နော်..."

လို့ ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးကတော်က မျက်နှာကြီးတင်းမာသွားပြီး...

"ဘာလို့ကုရမှာလဲ၊ ကျုပ်မှာ ဘာရောဂါမှ မရှိဘူး၊ မထွက်ဘူး...မထွက်ဘူး..."

လို့ ငြင်းဆန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးဟာ မိန်းမဖြစ်သူကို အမျိုးမျိုး ချော့မော့ ခေါ်ပေမယ့် မရဘူး။

ဒါကြောင့် အိမ်ရှေ့ပြန်ထွက်ခဲ့ပြီး. . .

"အပြင်မထွက်ဘူး လုပ်နေတယ် ဆရာ၊ ကျုပ် ဘယ်လိုပြောပြော မရဘူး"

လို့ ပြောလိုက်တဲ့အခါ ဆရာကြီးက အသင့်ယူလာတဲ့ ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်ပြီး. . .

"အပြင်မထွက်တော့လည်း ကျုပ်တို့ ဝင်သွားရုံပဲ ရှိတာပေါ့၊ ကဲ. . . ခင်ဗျားတို့လိုက်ခဲ့"

လို့ပြောပြီး အိပ်ခန်းထဲ ဝင်သွားတယ်။

သူကြီးဖိုးသာအောင်ဟာ ဆရာကြီးရဲ့ လက်က ကြိမ်လုံးကိုကြည့်ပြီး

"ဒီ. . . ကြိမ်လုံးက ကျုပ်မိန်းမကို ရိုက်ဖို့လား"

လို့ မေးလိုက်တဲ့အခါ. . .

". . . ခင်ဗျားမိန်းမမှာ စွဲကပ်နေတဲ့ မကောင်းဆိုးဝါးကို ကျုပ်က ဟောဒီဆေးကြိမ်လုံးနဲ့ နှင်ရမှာပါ ခင်ဗျားမိန်းမကို ရိုက်တာမဟုတ်ဘူး"

ပယောဂဆရာရဲ့ စကားကြောင့် သူကြီးဖိုးသာအောင်တစ်ယောက် မျက်စိမျက်နှာပျက်သွားပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"...ဆရာ... ကျုပ်မိန်းမ နာအောင်တော့ မရိုက်ပါနဲ့နော်၊ ကျုပ် မကြည့်ရက်ဘူး"

လို့ ပြောလိုက်တဲ့အခါ ပယောဂဆရာက...

"...ခင်ဗျားမိန်းမရောဂါ ပျောက်ချင်တယ် မှတ်လား၊ ဘေးမှာ ထိုင်ကြည့်နေ၊ ဘာမှ ဝင်မပြောပါနဲ့၊ ကျုပ်က ဆိုင်ရာပိုင်ရာတွေကို အာရုံပြုပြီး အလုပ်လုပ်ရမှာ၊ အာရုံပျက်တယ်..."

လို့ ပြောလိုက်တယ်။

ပယောဂဆရာရဲ့ စကားကြောင့် သူကြီးဖိုးသာအောင်လည်း ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်တယ်။

ပယောဂဆရာကို မြင်တဲ့အခါ သူကြီးကတော်ဟာ စောင်ကိုတင်းနေအောင် ဆွဲခြုံလိုက်ရင်း...

"ထွက်သွား... ထွက်သွား... မတွေ့ချင်ဘူး၊ အခု ထွက်သွား"

လို့ မောင်းနှင်ထုတ်လိုက်တယ်။

"အောင်မယ်... ထစမ်း၊ ငါ့မျက်နှာကို ခုချက်ချင်း ထကြည့်စမ်း၊ ကောင်းကောင်း ပြောနေတယ်နော်၊ ခုချက်ချင်းထ... မဟုတ်လို့ကတော့ ဝိဇ္ဇာရှစ်သောင်း ဆေးကြိမ်လုံးနဲ့ တွေ့သွားမယ်၊ ထစမ်း"

www.burmeseclassic.com

www.burmeseclassic.com



လို့ ငေါက်လိုက်ပြီး ကြိမ်လုံးနဲ့ ကြမ်းကို "ဖျန်း" ခနဲ ရိုက်လိုက်တယ်။

ကြိမ်လုံးဆိုတဲ့ အသံကြောင့် သူကြီးကတော်ဟာ မျက်နှာရှုံ့မဲ့သွားပြီး သူကြီးကို အားကိုးတကြီး လှမ်းအကြည့်

"...ကဲ ပြောစမ်း၊ နင် ဘယ်သူလဲ...၊ ဘာကြောင့် ဒီအိမ်ကို နှောက်ယှက်ရတာလဲ..."

ပယောဂဆရာကြီးက ပါးစပ်ကလည်းပြော... လက်ကလည်း ကြိမ်လုံးနဲ့ သူကြီးကတော်ရဲ့ တင်ပါးကို ဖျန်းခနဲ ရိုက်လိုက်တယ်။

"...အမလေး...သေပါပြီတော့၊ ကိုရင်... ကျုပ်ကို နှိပ်စက်နေတာ ရှင် ကြည့်နေရသလား၊ လုပ်ပါအုံးတော့"

သူကြီးကတော်ဟာ ငိုကြီးချက်မနဲ့ လှမ်းပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ စိတ်မကောင်းစွာနဲ့..

"နင့်ရောဂါ ပျောက်ဖို့ပါ မိဝိုင်းရယ်၊ ငါ့ကို စိတ်မခုပါနဲ့..."

လို့ ပြောလိုက်မိတယ်။

ပယောဂဆရာကြီးဟာ သူကြီးကတော်ရဲ့ မျက်နှာကို စူးစိုက်ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"...ကောင်းကောင်းမေးနေတယ်၊ ဖြေစမ်း...

နင်ဘယ်သူလဲ..."

လို့ ထပ်မေးလိုက်ပြန်တယ်။

"ဘယ်သူ ကမလဲ၊ မိဝိုင်းတဲ့ တစ်ဝိုင်းထဲရှိတယ်၊

ဖိုးသာအောင်မိန်းမ မိဝိုင်း"

သူကြီးကတော်ရဲ့ အဖြေကြောင့် ဆရာကြီးဟာ

ဒေါသထွက်သွားပြီး...

"...နင်ကပ်နေတဲ့လိပ်ပြာရှင်ကိုမေးတာမဟုတ်

ဘူး၊ နင့်ကို မေးနေတာ၊ မကောင်းဆိုးဝါးကောင်ရဲ့"

လို့ ပြောပြီး တရွှမ်းရွှမ်း ရိုက်နှက်ပြန်တယ်။

သူကြီးကတော်ဟာ ဆရာကြီးရဲ့ စကားကြောင့်

မျက်လုံးပြူးသွားမိတယ်။ တစ်ခုခုတော့ လွဲမှားနေတာ သေချာ

ပြီဆိုတာ ရိပ်စားမိလိုက်တယ်။ ဒါပေမဲ့ ကြိမ်လုံးနဲ့အရိုက်ခံ

လိုက်ရတဲ့အတွက်....

သူကြီးကတော်ဟာ အရပ်ရှစ်မျက်နှာ ကြားမတတ်

အော်ဟစ်ငိုယိုနေတယ်။

သူကြီးကတော်ဟာ ပယောဂဆရာရဲ့ ရိုက်ချက်တွေ

သည်းမခံနိုင်တဲ့အဆုံးမှာတော့...

"...ကျုပ် စိတ်မထိန်းနိုင်တော့ဘူးနော်၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အသားလွတ်ရိုက်တဲ့လူ. . . မိုဝိုင်းတဲ့ တစ်ဝိုင်းတည်း ရှိတယ်. . . ကဲဟယ်. . . "

လို့ ပြောပြောဆိုဆို ကြိမ်လုံးကိုဆွဲလုပြီး ဆရာကြီးရဲ့ကျောကို "ဖျန်းခနဲ" ရိုက်ချလိုက်တယ်။

ဆရာကြီးဟာ ကြိမ်လုံးနဲ့ အရိုက်ခံရတဲ့အတွက် အခြေအနေမဟန်မှန်း ရိပ်စားမိသွားပြီး. . .

". . . ဟာ. . . ကျုပ်ကို ပြန်ဆော်တယ်ဟ၊ မရဘူး . . . မကောင်းဆိုးဝါးက ဝါရင့်နေပြီဗျ၊ ကျုပ်ပြန်မယ် . . . . ပြန်မယ်"

လို့ ရေရွတ်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တယ်။

ရွာသားတွေဟာ သူကြီးအိမ်က အူလျားဖားလျား ပြေးထွက်လာတဲ့ ပယောဂဆရာကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေမိတယ်။

ပယောဂဆရာ ထွက်သွားချိန်မှာတော့ သူကြီးကတော်ဟာ အိပ်ရာထဲ "ဘုန်းခနဲ" လှဲချလိုက်ပြီး. . .

"ကာလနာ ဆရာကြီး . . . လူကို အသားလွတ်ရိုက်သွားတယ်၊ နာလိုက်တာ. . .၊ အေးမိ ဒီညည်းလက်ချက်မဟုတ်လား၊ အံ့ပါရဲ့အေ၊ မအေကို လူစင်

www.burmeseclassic.com

www.burmeseclassic.com



စစ်က်နေ ဖုတ်သရဲဖြစ်အောင်ပြောတာ ညည်း တစ်ယောက်ပဲရှိတယ်၊ ညည်းတော့ နားရင်းအုပ် ခံရတော့မယ်"

လို့ ရေရွတ်လိုက်တယ်။

သူကြီး ဖိုးသာအောင်နဲ့မအေးမိဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းခါရမ်းမိလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"သူကြီးကတော်
တကယ်ပဲ
အမှောင့်ဝင်နေသလား"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

# လပြည့်ညတစ်ည

www.burmeseclassic.com

www.burmeseclassic.com

"အောင်

မယ်

လေး.....

. . . ကယ်ကြပါအုံးဗျ. . . "

ဆိုတဲ့ စူးစူးဝါးဝါး အော်ဟစ်သံကြောင့် နဂါးရွ တစ်ရွာလုံး လန့်ဖျန့်သွားတယ်။

ရွာသားတွေ အသီးသီး ထွက်ကြည့်ချိန်မှာတော့ အသည်းအသန် ပြေးလာတဲ့ လူတစ်ယောက်ကို မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

"ဟော့လူ . . . ဘာဖြစ်တာလဲ"

ရွာသားတွေရဲ့ တစ်ယောက်တစ်ပေါက် မေးသံကြောင့် ပြေးနေတဲ့လူဟာ ရပ်လိုက်ပြီး . . .

"ကျုပ် . . . ကျုပ်ကို တစ္ဆေခြောက်လို့ဗျ"

လို့ အလောတကြီး ပြောလိုက်တယ်။

ဒီအချိန်မှာပဲ မီးအိမ်ကိုင်လာတဲ့ ရွာသားတစ်ယောက် ရောက်လာပြီး . . .

" . . . ဘယ်သူများလဲလို့ လူပျိုကြီးပါလား၊ အချိန်မတော်ကြီး ဘာဖြစ်တာလဲဗျာ"

လို့ မေးလိုက်တဲ့အခါမှ လူပျိုကြီးဆိုသူက ချွေးဒီးဒီးကျနေတဲ့ မျက်နှာကို ပုဆိုးစနဲ့ သုတ်လိုက်ရင်း . . .

"ကျုပ် တစ္ဆေ ခြောက်ခံရတယ်"

လို့ ပြောလိုက်ပြန်တယ်။

"ဟာ . . . မဖြစ်နိုင်တာဗျာ . . . ကျုပ်တို့ရွာမှာဒါတွေ မရှိပါဘူး"

" . . . ဟုတ်တယ်ဗျ၊ ခင်ဗျား သောက်ထားလား"

ဆိုတဲ့ ရွာသားတွေရဲ့ တစ်ယောက်တစ်ပေါက်သံတွေ ညံစီသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးက အနီးမှာရှိတဲ့ ရေအိုးစင်မှ ရေကို ခပ်သောက်လိုက်ရင်း. . .

". . . တကယ်ပါဗျာ၊ ကျုပ် မမူးပါဘူး၊ ကျုပ်. . . ကျုပ်. . . အိပ်နေတုန်း၊ ခေါင်မိုးပေါ်က တဒုန်းဒုန်း အသံတွေ ကြားရတယ်၊ ကျုပ်လည်း အစတော့ အုန်းလက်ရိုက်တာထင်ပြီး ဆက်အိပ်နေလိုက်တာ၊ အသံက ပို ကျယ်လာတယ်ဗျာ. . .၊ ဘယ်လိုမှ ဆက်အိပ်လို့ မရတော့ဘူး၊ ဒါနဲ့ ကျုပ်လည်း စိတ်တိုပြီး အပြင်ထွက်ကြည့်လိုက်တယ်၊ ဘာတွေ့တယ်မှတ်လဲ. . .၊ အိမ်အမိုးပေါ်မှာ လူမည်းကြီးတစ်ယောက် လမ်းလျှောက်နေတယ်ဗျ"

. . . . လို့ ပြောလိုက်တဲ့အခါ ရွာသားတွေဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိပြီး

"ခင်ဗျား. . . နောက်နေတာ မဟုတ်ပါဘူးနော်"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ လူပျိုကြီးက

"မနောက်ပါဘူးဗျာ. . .၊ ကျုပ်. . . တကယ်တွေ့လိုက်တာပါ"

လို့ ပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးရဲ့ စကားကြောင့် အသက်ကြီးပိုင်း လူတစ်ယောက်က ဝင်ပြီး. . .

"နေ့လည်က ခင်ဗျား ဘာလုပ်မိသေးလဲ"

လို့ မေးလိုက်တဲ့အခါ လူပျိုကြီးက ခေါင်းကုပ်စဉ်းစားလိုက်ပြီး. . .

". . . ဘာမှ မလုပ်မိဘူး၊ တစ္ဆေခြောက်တယ်လို့ နာမည်ကြီးနေတဲ့ ညောင်ပင်ကြီးနားလည်းမသွားမိပါဘူး"

လို့ ပြောလိုက်တဲ့အခါ ရွာသားတွေဟာ စဉ်းစားရ ကျပ်သွားပြီး. . .

"ကျုပ်တို့ ရွာလယ်ပိုင်းက သန့်ပါတယ်ဗျ၊ အားလုံး ဘုရားတရားနဲ့ နေကြလို့ မကောင်းဆိုးဝါးတွေ ယောင်လို့ တောင်မကပ်နိုင်ပါဘူး"

လို့ မယုံကြည်ဟန်နဲ့ ပြောလိုက်တယ်။

". . . ဟာ. . . တစ်ခုတော့ရှိတယ်၊ ခင်ဗျားတို့ ကျုပ်ကို အပြစ်မပြောနဲ့နော်၊ နေ့လည်က ရွာစွန်သင်္ချိုင်း ရောက်တော့ ဇရပ်က ပြုတ်ကျနေတဲ့ သွပ်တစ်ချပ်ကို တွေ့တာနဲ့ ကျုပ် အိမ်အမိုးက မကောင်းတဲ့သွပ်ချပ် နေရာမှာ အစားထိုးဖို့ယူခဲ့မိတယ်၊ ကျုပ်လည်း အိမ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တာနဲ့ ခေါင်ပေါ်တက်ပြီး သွပ်ချပ် လဲခဲ့သေးတယ်ဗျ"

လူပျိုကြီးရဲ့စကားကြောင့် ရွာသားအားလုံး "ဟာ ခနဲ" ဖြစ်သွားကြပြီး. . .

"ခင်ဗျား ဗျာ . . . သွပ်တစ်ချပ်က ဘယ်လောက်မှ မတန်ဘဲနဲ့ အသစ်လဲလိုက်ပါလား၊ ဘယ့်နှယ်. . . သင်္ချိုင်းဇရပ်ကသွပ်ကိုမှ လဲရတာလဲ. . .၊ ခင်ဗျားလုပ်တာနဲ့ ကျုပ်တို့တစ်ရွာလုံး ဒုက္ခရောက်တော့မှာပဲ"

လို့ လူပျိုကြီးကို ဝိုင်းပြီး ပြစ်တင်ကြတယ်။

ရွာသားတွေရဲ့ အပြောအဆိုခံရတဲ့ လူပျိုကြီးဟာ မျက်နှာမသာမယာနဲ့. . .

". . . ဒါကြောင့် ခင်ဗျားတို့ ကျုပ်ကို အပြစ်မပြောနဲ့လို့ ကြိုပြောခဲ့တာ၊ တကယ်တော့ ကျုပ်အမှားပါ၊ ကျုပ် အကျင့်ကိုက ပစ္စည်းတစ်ခုမြင်ရင် ငါ့အိမ်မှာ များ အသုံးတည့်မလား ဆိုပြီး တွေးတတ်နေမိတာ ကျုပ် အပြစ်ပါ"

လို့ ပြောဆိုလိုက်တဲ့အခါ ရွာသားတစ်ယောက်က. . .

"တဈေ. . . သရဲ ဆိုတာ ကျုပ်တို့ အယုံအကြည် မရှိပေမယ့် သင်္ချိုင်းဇရပ်က သွပ်ကိုတော့ အိမ်ယူမိုးတာ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးပေါ့ဗျာ၊ ခင်ဗျား သွပ်လဲပြီးမှ မမြင်အပ်တာတွေ မြင်ရတာဆိုတော့ တိုက်ဆိုင်မှုလည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ရွာသားတွေ စိတ်သန့်သွားအောင် ခင်ဗျားယူလာတဲ့ဟာကြီးကို သူနေရာသူ ပြန်ထားလိုက်စမ်းပါ၊ ရွာထဲမှာလည်း ကလေးသူငယ်တွေ ပေါပါဘိနဲ့၊ တစ်စုံတစ်ခုဖြစ်ရင် မကောင်းဘူးဗျ"

လို့ ပြောလိုက်တဲ့အခါ နောက်တစ်ယောက်က ဝင်ပြီး

"... ဟုတ်တယ် ... ပြန်ထားတာ ကောင်းတယ်၊ ဒီတိုင်း သွားထားလို့တော့ မရဘူးဗျ၊ မနက်ကျရင် သူကြီးကိုအကျိုးအကြောင်းပြောပြီး တောထုတ်ရမယ်"

လို့ ပြောပြန်တယ်။

သင်္ချိုင်းဇရပ်ကသွပ်ကို ယူလာမိတဲ့ လူပျိုကြီးတစ်ယောက် ရွာသားတွေအလယ်မှာ ခေါင်းမဖော်နိုင်ရှာတော့ဘူး။ မိုးမြန်မြန်လင်းပါတော့လို့သာ သူ ဆုတောင်းနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

# တောထုတ်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# နောက်
# တစ်
# နေ့

. . . နွားရိုင်းသွင်းချိန်မှာတော့ သူကြီး အမိန့်နဲ့ တောထုတ်ကြတယ်။

နဂါးစုတစ်ရွာလုံး သံပုံးရိုက်သံတွေ ညံစီနေတယ်။

သူကြီး ဖိုးသာအောင်ဟာ သံပုံးရိုက်သံတွေ ကြားနေရချိန်မှာတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"... ငါ့မလဲ ... ဘယ်လိုဂြိုလ်ဆိုး ဝင်နေပါလိမ့်၊ မအေးစိန်က ပျောက်နေတယ်၊ မိန်းမကလည်း အမှောင့်ဝင်သလို ဖြစ်နေတယ်။ ရွာထဲကျတော့လည်း တစ္ဆေခြောက်လို့ တောထုတ်ရပြန်တယ်။ ကံမကောင်းလို့ ဆရာပင့်မိပါတယ်၊ တွေ့တဲ့ ဆရာတွေကလည်း ကပေါက်တိကပေါက်ချာတွေ ချည်းပဲ၊ ကြာရင် ငါ အသက်တိုမယ်"

လို့ တွေးမိတယ်။

ဒီအချိန်မှာပဲ သမီးဖြစ်သူ မအေးမိဟာ သူကြီးဖိုးသာအောင်အနားကို အပြေးတစ်ပိုင်း ရောက်လာပြီး

"....အဖေ အမေဘယ်လိုဖြစ်နေလဲ မသိဘူး၊ ကြည့်ပါအုံး..."

လို့ ပြောလာတယ်။ သူကြီးတစ်ယောက် ထိတ်လန့်သွားပြီး အိမ်ထဲကို ဝုန်းခနဲ ပြေးဝင်သွားမိတယ်။

အိပ်ခန်းထဲရောက်တော့ သူကြီးကတော်ဟာ အိပ်ရာပေါ်မှာ လူးလှိမ့်နေရင်း...

"...နားညည်းတယ်...နားညည်းတယ်... ဘာသံတွေလဲ...၊ ငါ နားမခံနိုင်ဘူး"

လို့ ဗလုံးဗထွေး အော်ဟစ်နေရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"... မိဝိုင်း... မိန်းမ... ဘာဖြစ်တာလဲ၊ ဒီအသံက ရွာထဲမှာ တောထုတ်နေတာလေ"

သူကြီး ဖိုးသာအောင်ရဲ့ စကားကြောင့် မိန်းမဖြစ်သူဟာ လူးလှိမ့်အော်ဟစ်ရင်းက...

"...ကျုပ်မကြားချင်ဘူး၊ ရပ်ခိုင်းစမ်း... အခုချက်ချင်း ရပ်ခိုင်းစမ်း..."

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်နဲ့ မအေးမိတို့ ထိတ်လန့်သွားပြီး...

"မိဝိုင်း... နင် ဘာဖြစ်နေတာလဲ၊ နင်က... တောထုတ်သံ မကြားနိုင်ရအောင် မကောင်းဆိုးဝါးပူးနေ လို့လား"

သူကြီးဖိုးသာအောင်ရဲ့ ခပ်ဆတ်ဆတ် မေးလိုက်တဲ့စကားကြောင့် သူကြီးကတော်ဟာ လူးလှိမ့်နေရာမှ ရပ်သွားပြီး...

"အို... ကိုရင်ကလည်း... ကျုပ်က ဘာလို့ မကောင်းဆိုးဝါး ပူးရမှာလဲ...၊ အသံတွေ ကြားရတာ နားညည်းလွန်းလို့ပါတော့..."

လို့ လေသံတိုးတိုး ပြောလိုက်တဲ့အခါ...

"...ရွာထဲမှာ ဖြစ်နေတာတွေကို နင်ဘာမှမသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငြိမ်ငြိမ်နေ၊ ငါ့ကို စိတ်ရှုပ်အောင်မလုပ်နဲ့"

သူကြီး ဖိုးသာအောင်လည်း စိတ်ရှုပ်ထွေးစွာနဲ့ မိန်းမဖြစ်သူကို အော်ငေါက်ပစ်လိုက်တယ်။ ပြီးတော့ ရွာထဲ ထွက်ခဲ့တယ်။

"အေးမိရေ. . . အေးမိ"

အိမ်ရှေ့က အသံကြောင့် မအေးမိတစ်ယောက် ထွက်ကြည့်တော့ ရွာရှေ့ပိုင်းကဒေါ်ဂျမ်းကို တွေ့လိုက်ရတယ်။

". . . ဒေါ်ဂျမ်း. . . လာလေ၊ ဘာကိစ္စလဲ"

အေးမိရဲ့အမေးကြောင့် ဒေါ်ဂျမ်းက လက်ပြပြီး အောက်ဆင်းခဲ့ဖို့ ပြောလိုက်တယ်။

". . . ဘာလဲ ဒေါ်ဂျမ်းရဲ့. . . အိမ်ပေါ်ကို တက် လေ. . ."

အေးမိရဲ့စကားကြောင့် ဒေါ်ဂျမ်းက လက်မှာကိုင် လာတဲ့အရွက်တွေကို လှမ်းပေးလိုက်ရင်း. . .

"သူကြီးကတော် အမှောင့်ဝင်နေလို့ဆို. . .၊ ဒါ ဩဇာရွက်တွေ၊ သူ့ အိပ်ရာအောက် သွားခင်းထား လိုက်၊ ဩဇာရွက်နဲ့တွေ့ရင် မကောင်းဆိုးဝါး မနိုင် ဘူးအေ့. . ."

လို့ လေသံနဲ့ ပြောလိုက်တဲ့အခါ မအေးမိတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မျက်နှာပျက်သွားပြီး. . .

"ကျုပ် အမေကို မကောင်းဆိုးဝါး ဝင်တယ်လို့ ဘယ်သူပြောတုန်း၊ အေးစိန်စိတ်ကြောင့် အမေဟာ အိပ်ရာထဲလဲနေတာပါ ဒေါ်ဂျမ်းရယ်၊ ဘာမှမဖြစ်ပါဘူး"

လို့ ပြောလိုက်တဲ့အခါ ဒေါ်ဂျမ်းက စကားကို အရှိန်သတ်သွားရင်း

"ကဲပါ အေးမိရယ်၊ ပြောမနေပါနဲ့၊ ညည်းအမေလည်း နေကောင်းတာမှ မဟုတ်ဘဲ၊ အရပ်ဆိုတာ ဒီလိုပဲအေ့. . .၊ တစ်စိတ်ကို တစ်အိတ်လုပ်ချင်ကြတာ၊ ငါ သွားမယ်၊ ဘာပဲဖြစ်ဖြစ်. . . သြဇာရွက်လေး ခင်းပေး လိုက်တော့ အရံအတားဖြစ်တာပေါ့အေ. . ."

လို့ ပြောဆိုပြီး ပြန်ထွက်သွားတယ်။

မအေးမိတစ်ယောက် သြဇာရွက်တွေကို ကိုင်ရင်း ငူငူကြီး ရပ်ကျန်ခဲ့တယ်။ ဒေါ်သကိုမြို့သိပ်ပြီး အိမ်ပေါ်ပြန်တက်ခဲ့တယ်။

မိခင်ဖြစ်သူရဲ့အခန်းထဲ လှမ်းကြည့်မိတဲ့အခါ အိပ်ပျော်နေတာ တွေ့ရတယ်။

ဒါကြောင့် မအေးမိဟာ အခန်းထဲကို ခြေသံမကြား

www.burmeseclassic.com

www.burmeseclassic.com



အောင် ဝင်သွားပြီး အိပ်ရာအောက်ကို ဩဇာရွက်တွေ ထိုး ထည့်လိုက်တယ်။

ဒီအချိန်မှာပဲ မိခင်ဖြစ်သူဟာ ကျောပေးထားရာ ကနေ ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး. . .

"ဘာလုပ်တာလဲ"

လို့ အသံဩကြီးနဲ့ လှမ်းမေးလိုက်တဲ့အခါ မအေး မိဟာ လန့်ဖျန့်သွားရင်း. . .

"ဘာ. . . ဘာမှမဟုတ်ပါဘူး၊ အမေ. . . အမေ ဗိုက်များဆာသလားလို့ လာမေးတာပါ"

လို့ ပြောလိုက်မိတယ်။

"ဆာတယ်၊ ထမင်းစားမယ်၊ အခုယူခဲ့"

မိခင်ဖြစ်သူရဲ့စကားကြောင့် မအေးမိလည်း အခန်း ထဲက သွက်သွက်လေး ထွက်ခဲ့တယ်၊

မအေးမိ ထွက်သွားတဲ့အခါ သူကြီးကတော်ဟာ အိပ်ရာခင်းကို ဆွဲလှန်လိုက်တယ်။ ဩဇာရွက်တွေကို မြင်တဲ့ အခါ သူကြီးကတော်ဟာ အထိတ်တလန့် ဖြစ်သွားတယ်။ အမေကို မကောင်းဆိုးဝါးလို့ ယူဆနေတဲ့ အေးမိကို ဒေါသ ဖြစ်သွားတယ်။ ပြီးတော့ ပြတင်းပေါက်က လွှင့်ပစ်လိုက်တော့ တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

ဒေါ်အိုစာလော့ပြီ

www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်မြောက်တဲ့နေ့

www.burmeseclassic.com

www.burmeseclassic.com

# နေဝင်ရီတရော

အချိန်. . .

သူကြီး ဖိုးသာအောင်ရဲ့ အိမ်ကို မမျှော်လင့်ဘဲ ဧည့်သည် ရောက်လာတယ်။

ခြံဝက ခေါ်သံကြောင့် သူကြီးတစ်ယောက် မှန်မီးအိမ်ကို မီးညှိလိုက်ရင်း ခြံဝဆီ လျှောက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတာက. . . သူ တစ်ခါမှ မမြင်ဖူးတဲ့ လူစိမ်း အဘွားကြီးတစ်ယောက်. . .

သူကြီးဖိုးသာအောင်တစ်ယောက် ခြံစည်းရိုးက တစ်ဆင့် အဘွားကြီးကို စူးစမ်းသလို ကြည့်နေစဉ်မှာပဲ

". . . ကျုပ်က. . . ခရီးသွားတစ်ယောက်ပါ၊ ဒီမှာ တစ်ည နားချင်လို့ပါ"

အဘွားကြီးရဲ့ အသံစူးကြီးကြောင့် သူကြီးဟာ ကျောစိမ့်သလို ခံစားလိုက်ရပြီး . . .

". . . အမယ်ကြီး. . . ခင်ဗျား. . လူအစစ်တော့ ဟုတ်ပါတယ်နော်. . . "

လို့ တုန်ရင်တဲ့အသံနဲ့ မေးလိုက်တဲ့အခါ အဘွားကြီးက. . .

"လူတွေက တယ်ခက်တာပဲ၊ မရှိခိုးနိုး၊ မလှ စုန်း ယိုး ဆိုတဲ့စကားက သိပ်မှန်တယ်၊ ကျုပ်က ရုပ်ဆိုး ပေမယ့် စုန်းမျိုးတော့ မဟုတ်ပါဘူး၊ လူ အစစ်ပါ"

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ အဘွားကြီးကို အားနာသွားပြီး. . .

"ကျုပ်က ဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး အမယ်ကြီးရယ်၊ နေဝင်ချိန်ကြီးမှာ လူစိမ်းမြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးမိမေးရာ မေးမိတာပါ၊ အမယ်ကြီးက ဘယ်ကို ခရီးဆက်မှာလဲ"

လို့ မေးလိုက်ပြန်တယ်။

ဒီအခါမှာ အဘွားကြီးက မြောက်အရပ်ကို ညွှန်ပြပြီး. . .

"ဒီနေရာနဲ့ သုံးရွာအလွန်မှာရှိတဲ့ မြစိမ်းတောင်ကို သွားမလို့ပါ"

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ မျက်လုံးပြူးသွားရင်း. . .

". . . မြစိမ်းတောင်. . . ဟုတ်လား၊ အဲဒီနေရာက ဘုရားပျက်ကြီးပဲရှိတာ၊ ပြီးတော့ ဥစ္စာစောင့်တွေ သိပ်ပေါတယ်၊ အမယ်ကြီးက ဘာသွားလုပ်မလို့လဲ"

လို့ မေးလိုက်ပြန်တယ်။

". . . ကျုပ်. . . ရေဆာလို့ ရေသောက်ပါရစေ၊ ပြီးရင်. . . လူလေးသိချင်တာ ပြောပြပါ့မယ်"

အဘွားကြီးရဲ့ တောင်းဆိုမှုကြောင့် သူကြီး ဖိုးသာအောင်လည်း မနေသာတော့ဘဲ ခြံတံခါးဖွင့်ပေးလိုက်တယ်။

အဘွားကြီးဟာ လင်းတရုပ်ပါတဲ့ တောင်ဝှေးကြီးကို တဒေါက်ဒေါက်ထောက်ရင်း လှမ်းဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲရောက်တဲ့အခါ သူကြီးက အဘွားအိုကို အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်စေပြီး. . .

"သမီးရေ. . . မအေးမိ၊ သောက်ရေ ယူခဲ့စမ်းကွယ်"

လို့ လှမ်းပြောလိုက်တယ်။

မအေးမိတစ်ယောက် သောက်ရေ ခပ်လာရင်း အဘွားအိုကိုမြင်တဲ့အခါ ဖခင်ကို လက်တို့လိုက်မိတယ်။

"ဪ. . . ခရီးသွားတစ်ယောက်ပါကွယ်၊ ဒီမှာ တစ်ညတည်းလိမ့်မယ်၊ အမယ်ကြီးအတွက် ဘုရားခန်းမှာပဲ အိပ်ရာပြင်ပေးလိုက်ပါ"

သူကြီး ဖိုးသာအောင်ရဲ့ စကားကြောင့် မအေးမိတစ်ယောက် ဘာမှမမေးသာတော့ဘဲ အိမ်ပေါ်ကို ပြန်တက်ခဲ့တယ်။

အဘွားအိုဟာ ရေကို အငမ်းမရ မော့သောက်လိုက်ရင်း. . .

". . . ခုမှပဲ ရင်အေးသွားတော့တယ်၊ ကျုပ်က ဟိုး ချောင်းဖျား ရွာလေးကပါ၊ ကျုပ်မှာ ဆွေမျိုးသားချင်းဆိုလို့ 'မြနှောင်း' ဆိုတဲ့ မြေးမလေးပဲရှိတာပါ၊ ကျုပ်ရဲ့မြေးမလေးဟာ ရွာမှာ အချောဆုံး ကွမ်းတောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကွယ့်၊ တစ်နေ့ မြေးမလေးဟာ မြို့ဦးစေတီဘုရားပွဲမှာ လယ်ပိုင်ရှင်သားနဲ့ ချစ်ကြိုက်မိခဲ့တယ်၊ လယ်ပိုင်ရှင်သားဟာ ကျုပ်ရဲ့မြေးကို အရှုးအမူးစွဲလမ်းပြီး လက်ထပ်ဖို့ ခွင့်တောင်းခဲ့တယ်၊ မြေးမလေးက သူ့ကို တကယ်ချစ်ရင် လူကြီးတွေနဲ့ လာရောက်တောင်းရမ်းပါလို့ ပြောတဲ့အခါ၊ လယ်ပိုင်ရှင်သားဟာ ညတွင်းချင်းပဲ သူ့မိဘတွေကို ဖွင့်ပြောလိုက်တယ်၊ ပြဿနာက အဲဒီမှာ စတော့တာပဲ၊ လယ်ရှင်တွေဟာ ကျုပ်မြေးနဲ့သူ့သားချစ်ကြိုက်နေတာသိတဲ့အခါရုပ်ဆိုးအကျည်းတန်တဲ့ ကျုပ်ကို အပြစ်ထောက်ပြီး ကျုပ်ကို ကဝေမကြီး. . . ထမီခြုံမကြီးလို့ စွတ်စွဲကြတယ်၊ ပြီးတော့ ကျုပ်တို့က သူ့သားကို ဆေးသုံးပြီး ဖျားယောင်းပါတယ်လို့ စွတ်စွဲကြပြန်တယ်၊ အချစ်စိတ်ရိုင်းဝင်နေတဲ့ လယ်ပိုင်ရှင်သားဟာ ကျုပ်မြေးနဲ့သဘောမတူရင် သတ်သေပစ်မယ်လို့ မိဘတွေကို အကြပ်ကိုင်တဲ့အခါ လယ်ပိုင်ရှင်တွေက သူ့သားတော့ ဒေါ်အိုစာခပ်တဲ့ဆေး မိနေပြီလို့ သမုတ်ပြီး ကျုပ်တို့ကို လာရန်တွေ့ခဲ့တယ်၊ အဲဒီညမှာပဲ မြေးမလေးနဲ့ လယ်ပိုင်ရှင်သားဟာ ခိုးရာလိုက်သွားခဲ့တယ်၊ လယ်ပိုင်ရှင်တွေလည်း ဒေါ်သူတပြင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှာကြတယ်၊ နောက်တစ်နေ့ရောက်တော့မှ တစ်ဖက်ရွာမှာ ပြန်တွေ့ပြီး သူ့သားကို ပြန်ခေါ်သွားကြတယ်၊ လယ်ပိုင်ရှင်တွေဟာ ချက်ချင်း လှည်းတွေစီစဉ်ပြီး သူ့သားကို မြို့ပို့လိုက်ကြတယ်၊ ကျုပ်မြေးလေးဟာ မျက်ရည်စက်လက်နဲ့ ကျုပ်ဆီ ပြန်လာခဲ့ရရှာတယ်၊ အဲဒီညမှာပဲ ကျုပ်မြေးဟာ လယ်ပိုင်ရှင်မိသားစုကို စိတ်နာပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်၊ ကျုပ်လည်း မြေးမလေးစိတ်နဲ့ အိမ်ပြင်တောင် မထွက်ဝံ့ခဲ့ပါဘူး၊ ဒါပေမဲ့ တစ်ညမှာတော့ မြေးမလေးက ကျုပ်ကို အိပ်မက်ပေးတယ်၊ သူ အခု. . . မြစိမ်းတောင်ကို နာမ်ခန္ဓာဘဝနဲ့ ရောက်နေတယ်။ လူ့ဘဝမှာတုန်းကလည်း သူ့ရဲ့ ပဋ္ဌာန်းဆက်တွေ သူ့ကို အိမ်ထောင်ပြုခွင့် ပေးမထားဘူးတဲ့၊ ဒါကြောင့် သူ့ချစ်သူနဲ့ခွဲပစ်ပြီး ပြန်ခေါ်လိုက်တာလို့ ပြောခဲ့တယ်၊ ဖြစ်လေရာဘဝမှာ အထုံမပါဖို့အတွက် ကျုပ်ကို မြစိမ်းတောင်လာပြီး ကောင်းမှုကုသိုလ် လုပ်ပေးပါလို့ အိပ်မက်ပေးခဲ့တယ်၊ ဒါကြောင့် ကျုပ်. . . မြစိမ်းတောင် သွားမှာပါ”

လို့ ပြောလိုက်တယ်။

သူကြီးဖိုးသာအောင်ဟာ ဒေါ်အိုးစုရဲ့ စကားကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတညိတ်ညိတ် နားထောင်ရင်း. . .

". . . အိပ်မက်ဆိုတာ စိတ်စွဲလမ်းမှုကြောင့် မက်တာလည်း ဖြစ်နိုင်တာပဲလေ၊ ဘာပဲဖြစ်ဖြစ် မြစိမ်းတောင်ခရီးက သိပ်ဝေးတယ်"

လို့ ပြောလိုက်ပြီး သမီးဖြစ်သူကို လှမ်းပြောလိုက်တယ်။

ခဏကြာတော့ သူကြီးဖိုးသာအောင်၊ မအေးမိနဲ့ ဒေါ်အိုစာတို့အတူ ထမင်းလက်ဆုံစားကြတယ်။

စားသောက်ပြီးတဲ့အခါ မအေးမိက ဒေါ်အိုစာအတွက် အိပ်ရာပြင်ဆင်ပေးရင်း. . .

"အမေကြီးက မြစိမ်းတောင်ကို တစ်ယောက်ထဲသွားမှာဆိုတော့ မကြောက်ဘူးလား"

လို့ မေးမြန်းလိုက်မိတယ်။

"ဘာ. . . ကြောက်စရာရှိလို့လဲ မိန်းကလေးရယ်၊ ကောင်းမှုကုသိုလ် လုပ်တာပဲ၊ နတ်ကောင်း နတ်မြတ်တွေက စောင့်ရှောက်မှာပေါ့ကွယ်"

ဒေါ်အိုစာရဲ့ စကားဆုံးတော့ မအေးမိက ဆက်ပြီး. . . .

"ကျုပ်တို့ရွာမှာတော့ မြစိမ်းတောင်ဆိုတဲ့ အသံ

www.burmeseclassic.com

www.burmeseclassic.com



ကြားရုံနဲ့ လန့်ကြတာပဲ၊ လန့်စရာ အကြောင်းကလည်း ရှိခဲ့တယ်လေ၊ မြစိမ်းတောင်မှာ ဉစ္စာစောင့်တွေရှိတယ်၊ သူတို့က ယောကျ်ားတွေကို မာယာနဲ့ ဖမ်းစားပစ်တာရှင့်၊ တစ်ခါကပေါ့. . . ငှက်ပစ်သမားတစ်ယောက်ဟာ မျက်စိလည်ပြီး မြစိမ်းတောင်ကို ရောက်သွားခဲ့တယ်၊ မြစိမ်းတောင်ဆိုတာက တောအရမ်းနက်တဲ့ နေရာ. . .၊ ငှက်ပစ်သမားဟာ တောထဲမှာ စမ်းတဝါးဝါးသွားနေရင်း စမ်းချောင်းတစ်ခုအနီး ရောက်တော့ သီချင်းဆိုသံတွေ ကြားလိုက်ရတယ်တဲ့၊ ငှက်ပစ်သမားလည်း သီချင်းသံကြားရင် လူရှိမှာပဲဆိုပြီး လိုက်ရှာတဲ့အခါ. . . စမ်းချောင်းထဲမှာ ဆံပင်ဖားလျားချပြီး ရေကစားနေတဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်၊ အဲဒီမိန်းမကိုမြင်တော့ ငှက်ပစ်သမားဟာ အနီးကို လျှောက်သွားပြီး အကူအညီ တောင်းမိတယ်တဲ့၊ ရေကစားနေတဲ့မိန်းမဟာ ငှက်ပစ်သမားကို စူးစိုက်ကြည့်ပြီး အပြန်လမ်းကို ညွှန်ပြပေးခဲ့တယ်ဆိုပဲ၊ ငှက်ပစ်သမားဟာ အဲဒီမိန်းမ ညွှန်တဲ့လမ်းအတိုင်း လျှောက်လာရင်း ရွာကို ပြန်ရောက်ခဲ့တယ်၊ ဒါပေမယ့်. . . သူ့ရဲ့စိတ်မှာသီချင်းဆိုညည်းနေတဲ့မိန်းကလေးကိုသာ

www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်မိပြီး၊ အဲဒီနေရာကို သွားချင်စိတ်တွေဖြစ်လာတယ်၊ ငှက်ပစ်သမားဟာ တောထဲမှာ မိန်းကလေးနဲ့ တွေ့ခဲ့တဲ့ အကြောင်းကို အပေါင်းအသင်းတွေကို ပြောပြတဲ့အခါ လူတွေက သူ့ကို ထပ်မသွားဖို့ တားမြစ်ကြတယ်၊ 'ခင်ဗျားသွားရင် ဥစ္စာစောင့်မက လိပ်ပြာနှုတ်ထားလိမ့်မယ်. . . .' လို့လည်း ဝိုင်းပြောကြတယ်၊ ဒါပေမယ့်. . . မိန်းကလေးကို အရူးအမူးစွဲလမ်းမိတဲ့ ငှက်ပစ်သမားဟာ လူတွေတားမြစ်တဲ့ကြားက မြစိမ်းတောင်ကို ထပ်သွားခဲ့တယ်၊ အဲဒီအချိန်ကစပြီး ငှက်ပစ်သမားဟာ ရွာကို လုံးဝပြန်မလာခဲ့တာ၊ ဒီနေ့အထိပါပဲ၊ ဒါကြောင့်. . . ကျုပ်တို့တစ်ရွာလုံး ငှက်ပစ်သမားရဲ့အဖြစ်ကိုကြည့်ပြီး မြစိမ်းတောင်ကို ဘယ်ယောကျ်ားမှ မသွားဝံ့ကြဘူး"

လို့ ပြောလိုက်ပြန်တယ်။

မအေးမိရဲ့ စကားဆုံးတဲ့အခါ ဒေါ်အိုစာဟာ သက်ပြင်းချလိုက်ရင်း. . . .

"မြစိမ်းတောင်ဟာ ယောကျ်ားသားတွေ အတွက် အန္တရာယ်ရှိပေမယ့် ကျုပ်လို အိုကြီးအိုမအတွက်တော့ ဘာမှ မဖြစ်နိုင်ဘူး၊ မိန်းကလေး စိတ်မပူပါနဲ့၊ ကဲ

www.burmeseclassic.com

www.burmeseclassic.com



. . . . ကျုပ်လည်း အိပ်တော့မယ်၊ မနက်စောစော ခရီးဆက်မှ ကောင်းမယ်ကွယ့်. . ."

လို့ ပြောဆိုရင်း ဒေါ်အိုစာဟာ တစ်စုံတစ်ခုကို သတိရဟန်နဲ့ လွယ်အိတ်ထဲ နှိုက်လိုက်တယ်။

မအေးမိဟာ ဒေါ်အိုစာရဲ့ လက်မှာကိုင်ထားတဲ့ အရာကို အထူးအဆန်းဖြစ်သွားပြီး. . .

"အဲဒါဘာလဲ အမေကြီး"

လို့ မေးလိုက်တဲ့အခါ ဒေါ်အိုစာက လက်မှာကိုင်ထားတဲ့ ဖန်လုံးကို ဘုရားစင်ပေါ် တရိုတသေ တင်လိုက်ရင်း. . .

". . . ကျုပ်က. . . ဖန်လုံးဗေဒင် ပညာရှင်တစ်ယောက်ပါ၊ အဲဒီ ဖန်လုံးလေးကို ကြည့်ပြီး လူတွေရဲ့ ကံကြမ္မာကို ဟောပြောနိုင်တယ်၊ မိန်းကလေး စိတ်ဝင်စား လို့လား"

လို့ မေးလိုက်မိတယ်။

ဒီအခါမှာ. . . မအေးမိရဲ့မျက်လုံးတွေ အရောင်တောက်သွားပြီး. . .

". . . ဖန်လုံးဗေဒင်. . . ဟုတ်လား. . ၊ ကျုပ် တစ်ခါမှ မမြင်ဖူးဘူး. . . ၊ အရမ်း စိတ်ဝင်စားမိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖန်လုံးကိုကြည့်ရုံနဲ့. . . တကယ်ပဲ အနာဂတ်ကိုဟော နိုင်သလား"

လို့ တအံ့တသြမေးလိုက်တဲ့အခါ ဒေါ်အိုစာက ခေါင်းညိတ်လိုက်ပြီး. . .

"မိန်းကလေး သိချင်တာမေး၊ ကျုပ် ဖြေမယ်"

လို့ ပြောလိုက်တယ်။

မအေးမိဟာ ဒေါ်အိုစာရဲ့ စကားကြောင့် အား တက်သရော အမူအရာနဲ့. . .

"ကျုပ်တို့အိမ်ရဲ့ ရှေ့ဖြစ်မယ့် ကံကြမ္မာကို သိချင်ပါ တယ်၊ ဒါပေမယ့် ဖန်လုံးဗေဒင်မေးရင် ဘယ်လောက် ပေးရမှာလဲ"

လို့ မေးလိုက်တဲ့အခါ ဒေါ်အိုစာက ခေါင်းခါရမ်း လိုက်ရင်း. . .

"ကျုပ်က အသပြာဆရာမဟုတ်ဘူး မိန်းကလေး၊ ဟောပြောခဲ့တဲ့ သက်တမ်း တစ်လျှောက်လုံး လုံးဝ အခကြေးငွေ မယူခဲ့ဘူး၊ မိန်းကလေးတို့က တစ်ညနား ခွင့် ပြုခဲ့တဲ့အတွက် ကျုပ်က ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောပေးမှာပါ. . ."

လို့ ဖြေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မအေးမိတို့ရဲ့ စကားသံကြောင့် သူကြီး ဖိုးသာအောင်တစ်ယောက် အနားရောက်လာပြီး . . .

"ကျုပ်တို့က ဆရာကောင်းနဲ့ တွေ့ချင်နေတာကြာပြီဗျ. . .၊ အခုမှပဲ တွေ့တော့တယ်၊ လုပ်ပါ. . . အမယ်ကြီးရယ်. . .၊ ကျုပ်တို့အိမ်ရဲ့ ကံကြမ္မာကို ကြည့်ပေးပါအုံး"

လို့ တောင်းဆိုလိုက်ပြန်တယ်။

ဒေါ်အိုစာဟာ စကားတစ်ခွန်းမှ မပြောတော့ဘဲ ဖန်လုံးကို စူးစိုက်ကြည့်ရင်း တအောင့်ကြာတော့မှ. . .

". . . ဘာ့ကြောင့်လဲလို့. . . ကျုပ်ကိုပြန်မမေးနဲ့၊ ဒီအိမ်မှာ အင်္ဂါသမီး ပျောက်နေတယ်၊ လိုက်လေဝေးလေ ဖြစ်နေတယ် မဟုတ်လား. . . လုံးဝမရှာနဲ့၊ အချိန်တန်ရင် ပြန်တွေ့လိမ့်မယ်. . .၊ နောက်တစ်ချက်က. . . ဒီအိမ်မှာ ရဟန်းသံဃာတွေ ပင့်ဖိတ်ပြီး ကမ္မဝါစာ ရွတ်ပေးရလိမ့်မယ်"

လို့ ပြောလိုက်တဲ့အခါ သူကြီးနဲ့မအေးမိတို့ မျက်လုံးပြူးသွားရင်း. . .

"အမှန်ပါပဲ အမယ်ကြီးရယ်၊ သေချွက်အောင်မှန်ပါတယ်၊ ဒါနဲ့. . . ကမ္မဝါစာ ရွတ်ရမယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာ ဖြစ်လို့လဲ”

လို့ သူကြီးဖိုးသာအောင်ရဲ့ အမေးကို ဒေါ်အိုစာက လက်ကာပြလိုက်ပြီး. . .

“ဘာကြောင့်လဲလို့ ပြန်မမေးဖို့ ပြောထားတယ်လေ. . .၊ တစ်ချို့သောအကြောင်းတွေက နှုတ်ကဖွင့်ပြောမရတာတွေရှိတယ်၊ ယုံကြည်ရင် လုပ်လိုက်ပါ၊ အကျိုးမယုတ်ပါဘူး၊ ကဲ. . . ကျုပ် အိပ်တော့မယ်”

လို့ ပြောလိုက်တယ်။

ဒေါ်အိုစာရဲ့ စကားကြောင့် သူကြီးတို့သားအဖလည်း ဘာမှမပြောသာတော့ဘဲ ဒေါ်အိုစာအနားက ထခဲ့ကြတယ်။

သူတို့ စိတ်ထဲမှာတော့ ဒေါ်အိုစာရဲ့ ထူးဆန်းတဲ့ဖန်လုံးလေးကို တအံ့တဩဖြစ်နေခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

ဆရာတော်ပင့်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# နောက်
# တစ်
# နေ့

. . . . . အာရုံတက်ချိန်မှာတော့ ဒေါ်အိုစာဟာ သူကြီးတို့ကိုနှုတ်ဆက်ပြီး မြစိမ်းတောင်ဘက် ခရီးဆက်တယ်။

ဒေါ်အိုစာ ထွက်သွားတဲ့အခါ မအေးမိက ခေါင်းအနားတိုးကပ်ပြီး. . .

"ဒေါ်အိုစာရဲ့ ပညာစွမ်းက မသေးဘူးနော်. . .၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အေးစိန် ပျောက်နေတာလည်း မှန်တာပဲ၊ ပြီးတော့. . . ကမ္မဝါရွှတ်ခိုင်းတာ အမေ့အတွက် ဖြစ်ရမယ်၊ ဒီအတိုင်းဆို. . . အမေ့ကို အစိမ်းသရဲပူးနေတာ သေချာပြီ၊ ကျုပ်တောင် အမေ့ကို နှိပ်နေရလို့ လားမသိဘူး၊ ခေါင်းထဲ မူးမူးနေတယ်၊ ကျုပ်တို့ စိတ်ရှင်းသွားအောင် အဖေ ရွာဦးကျောင်းဆရာတော်ကို လျှောက်တင်ကြည့်ပါလား"

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်ဟာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း. . .

"ငါလည်း. . . ဆရာတော်ကိုပင့်ဖို့စဉ်းစားနေတာပဲ၊ ကြာပါတယ်. . . ခုလောက်ဆို ဆရာတော်ကြီး အာရုံဆွမ်း ဘုန်းပြီးလောက်ပြီ. . .၊ ရွာဦးကျောင်းဘက် သွားဦးမယ်"

လို့ ပြောဆိုရင်းသဘက်တစ်ထည်ကို ခေါင်းပေါင်းပြီး ထွက်ခဲ့တော့တယ်။

သူကြီးဖိုးသာအောင်တစ်ယောက် ဆရာတော်ကို လျှောက်တင်ပြီး အိမ်ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ သမီးဖြစ်သူ မအေးမိကို ညနေ ဆရာတော်ကြီး ကြွလာမယ့်အကြောင်းကိုပြောပြီး မိန်းမဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ပြောလိုက်တယ်။

ဆရာတော်ကြီး ကြွလာမယ့်အကြောင်း သိတဲ့အခါ သူကြီးကတော်ဟာ မျက်နှာပျက်သွားပြီး. . .

"ကိုရင်ကလည်း. . . ကျုပ်တို့အိမ်မှာ ဘာဖြစ်နေလို့လဲ. . . .၊ ဆရာတော်ကြီး ပင့်စရာ အကြောင်းမှ မရှိတာ"

လို့ ပြောလိုက်တဲ့အခါ သူကြီးက. . .

"အန္တရာယ်ကင်း ပရိတ်ရွတ်မှာပါ မိန်းမရာ. . .၊ ရွာဦးကျောင်း ဆရာတော်ကြီးကို မင်းလောက် ဆွမ်းချိုင့်ပို့တဲ့လူ မရှိဘူး၊ ဘယ်လိုဖြစ်တာလဲ. . ."

လို့ မေးလိုက်တယ်။

ဒီအခါမှာ. . . သူကြီးကတော်ကြီးက လေသံတိုးတိုးနဲ့. . .

"ဘာမှ မဟုတ်ပါဘူးတော်. . .၊ ပရိတ်ရွတ်တော့လည်း အန္တရာယ်ကင်းတာပေါ့၊ ကောင်းပါတယ်. . .၊ ဟဲ့ . . . အေးမိ . . . ဘယ်ရောက်နေလဲ၊ ငါ . . . ထမင်းဆာတယ်၊ ခူးခဲ့. . ."

လို့ ယောက်ျားကို ပြောနေရင်း မအေးမိကိုပါ လှမ်းအော်လိုက်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မအေးမိ ထမင်းယူလာစဉ်မှာတော့ မိခင်ဖြစ်သူဟာ ငါးချောက်ဆီပြန်ဟင်းကို ကြည့်ပြီး. . .

"ဒါ. . . ငါမစားချင်ဘူး၊ ဝက်သားဆီပြန် စားချင်တယ်. . ."

လို့ ပြောပြန်တယ်။

"ဟာ. . . အမေကလည်း လုပ်ပြန်ပြီ. . .၊ အိမ်မှာ ခြေလေးချောင်းသား မစားပါဘူးဆို. . .၊ ဘယ်တုန်းက ဝက်သားချက်ဖူးလို့လဲ. . .၊ ကျုပ်က ဘယ်က သွားရှာရမှာလဲ. . ."

မအေးမိရဲ့ညည်းငြူစကားကို သူကြီးဖိုးသာအောင်က လက်ကာပြလိုက်ရင်း. . .

"ရွာထဲက သာဒိုးတို့အိမ်မှာ ဝက် ပေါ်နေတာ အဖေတွေ့ခဲ့တယ်၊ အဖေ တောင်းခိုင်းတယ်လို့ ပြောပြီး သုံးဆယ်သားလောက် ယူခဲ့၊ ညည်းအမေကို ချက်ကျွေးလိုက်ပါ၊ သူ စားချင်နေတာပဲ"

လို့ မျက်ရိပ်ပြ ပြောလိုက်တော့မှ မအေးမိတစ်ယောက် ဘာမှမပြောတော့ဘဲ ရွာထဲထွက်ခဲ့တယ်။

မအေးမိတစ်ယောက် ဦးသာဒိုးဆီက ဝက်သားယူခဲ့ပြီး အိမ်ရောက်တော့ အမြန်ချက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ. . . . မိခင်ဖြစ်သူကို ဟင်းပွဲပြင်ပေးရင်း. . .

"ရပြီ. . . အမေစားချင်တဲ့ ဝက်သားဆီပြန်. . . ၊

စိတ်ကြိုက်သာစား အမေရေ. . ."

လို့ ပြောလိုက်တဲ့အခါ သူကြီးကတော်ဟာ ဝက်သားဟင်းနဲ့ ထမင်းကို အားပါးတရကြီး စားတော့တယ်။

မအေးမိတစ်ယောက် မိခင်ကိုကြည့်ရင်း သက်ပြင်းချရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ကြီးကြွလာရင်
ဘာဖြစ်မလဲ.."

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘဝါဓာ ရှုတ်ပြီ...

www.burmeseclassic.com

www.burmeseclassic.com

# ည
# နေ

. . . ရောက်တော့ သူကြီးအိမ်ကို ဆရာတော်ကြီး နဲ့ သံဃာငါးပါး ကြွလာတယ်။

ဆရာတော်ကြီးနဲ့ သံဃာတော်တွေဟာ ဘုရားစင် ရှေ့မှာခင်းထားတဲ့ ကတ္တီပါကော်ဇောပေါ် ထိုင်မိတယ် ဆိုရင်ပဲ. . .

www.burmeseclassic.com

www.burmeseclassic.com



"... ဘုန်းကြီးတွေ မအေးဘူးလား ... ကတုံးကြီးနဲ့ ... ဟီး ... ဟီး ..."

သူကြီးကတော်ရဲ့ အသံကြောင့် သူကြီး ဖိုးသာအောင်ဟာ မျက်နှာကြီးပူထူသွားပြီး ဆရာတော်ကြီးကို လှမ်းကြည့်မိတယ်။

ဆရာတော်ကြီးက သူကြီးဖိုးသာအောင်ကို ဘာမှ မပြောဖို့ လက်ကာပြလိုက်တယ်။

သတ်မှတ်ချိန် ရောက်တဲ့အခါ ဆရာတော်ကြီး ဦးဆောင်ပြီး ဒေသနာကြားကြတယ်။

ပြီးတော့ ... သမန္တာရွတ်ပြီး နတ်ပင့်တယ်။

သဗ္ဗဗုဒ္ဓါဏုဒ္ဒိပတ္တာ ရွတ်ဆိုပြီး စည်းချတယ်။

ဆရာတော်ကြီးအမှူးပြုတဲ့ သံဃာတွေဟာ မေတ္တသုတ်ကို စတင်ရွတ်ဖတ် တယ်။

ပရိတ်ကြီး (၁၁) သုတ်ရဲ့ အဆုံး၊ အာဋာနာဋိယသုတ် အပြီးမှာတော့ သူကြီးကတော်ဟာ ငြိမ်ငြိမ်ကြီးထိုင်ကြည့်နေတယ်။

သံဃာတော်တွေက ဆက်ပြီး ကမ္မဝါစာကို ရွတ်ဖတ်တော့တယ်။

အမိန့်တော်ပြန်ချိန်မှာတော့ သူကြီးကတော် ဟာ

www.burmeseclassic.com

www.burmeseclassic.com



နတ်ဝင်သည်တစ်ယောက်လို တစ်ကိုယ်လုံးတုန်လှုပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်တော့တယ်။

သူကြီးကတော်ရဲ့ ငိုချင်းချမှုကြောင့် သံဃာတော်တွေဟာ ရွတ်ဖတ်ခြင်းကို ရပ်လိုက်ကြတယ်။

သူကြီးဖိုးသာအောင်ဟာ မိန်းမဖြစ်သူကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေမိတယ်။

မအေးမိကတော့ မိခင်ဖြစ်သူကိုကြည့်ရင်း သူထင်ထားသလိုဖြစ်နေပြီလို့ တွေးမိပြီး ရင်တုန်ပန်းတုန် ဖြစ်နေရှာတယ်။

ဆရာတော်ကြီးဟာ သက်ပြင်းကို အသာချလိုက်ပြီး ပုဗ္ဗာစရိယကမ္မဝါကို ဆက်လက်သရဇ္ဈာယ် ပြန်တယ်။

သူကြီးကတော်ကတော့ ရှိုက်ကြီးတငင် ငိုကြွေးနေဆဲပါပဲ. . . ။

ကမ္မဝါစာရွတ်ဖတ်မှု အဆုံးမှာတော့ ဆရာတော်ကြီးဟာ သူကြီး ဖိုးသာအောင်ကိုကြည့်ပြီး. . .

"ကဲ. . . ဒကာကြီး ဘုန်းကြီးတို့ ရွတ်ဖတ်မှုကတော့ ပြီးပြီ၊ တကာမကြီးကို ဘာကြောင့်ငိုရသလဲဆိုတာ မေးမြန်းကြည့်ပါအုံးကွယ်"

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှ သူကြီးဖိုးသာအောင်နဲ့ မအေးမိဟာ သူကြီးကတော်နားကို တိုးကပ်သွားပြီး. . .

"မဝိုင်း မဝိုင်း သတိထားပါဟာ၊ ဘာလို့ ဒီလောက် ငိုနေရတာလဲ၊ ငါ့ကို လန့်အောင်မလုပ်နဲ့နော်"

လို့ သူကြီး ဖိုးသာအောင်က ပြောလိုက်တဲ့အခါ သူကြီးကတော်က ရှိုက်ကြီးတငင် ငိုကြွေးနေရာက

"ကျုပ်. . . ကျုပ် ဆုံးသွားတဲ့ အမေ့ကိုသတိရ လို့ ငိုမိတာပါတော်၊ ငိုမိတာပါ. . ."

လို့ ငိုသံနှော ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးဖိုးသာအောင်နဲ့ သမီးဖြစ်သူဟာ ဟင်ခနဲဖြစ်သွားပြီး. . .

"ဟင် ဒါဆို. . . ငါတို့ထင်သလို နင်ဖြစ်နေတာ မဟုတ်ဘူးပေါ့"

လို့ သူကြီးက မေးလိုက်တဲ့အခါ သူကြီးကတော် က. . .

"ရှင်တို့ထင်နေသလို ကျုပ်က ဖုတ်သရဲပူးနေတာ မဟုတ်ဘူးတော့်၊ ကျုပ်ဘာသာ အေးစိန် ပျောက်တဲ့ စိတ်နဲ့ မစားနိုင်မသောက်နိုင်ဖြစ်ပြီး ဂယောင်ခြောက် ခြား ဖြစ်သွားတာ၊ သိကြရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ ငိုသံကြီးနဲ့ ပြောပြန်တယ်။

မိခင်ဖြစ်သူရဲ့ စကားကြောင့် မအေးမိဟာ ရင်ဘတ်ဖိမိရင်း. . . .

"အမလေး တော်ပါသေးရဲ့အမေရယ်၊ ကျုပ် ကျုပ်တို့က အမေ့ကို မကောင်းဆိုးဝါးပူးနေပြီ ထင်ကြတာ၊ ဟင်း. . . အခုမှပဲ အပူလုံးကြီးကျသွားတော့တယ်"

လို့ ပြောလိုက်တော့တယ်။

သံဃာတော်တွေ ပြန်ကြွသွားတဲ့အခါ သူကြီးဘတော်က သူကြီးဘက်လှည့်ပြီး

"ဒါနဲ့ အေးစိန့်သတင်းရော ဘာထူးသေးလဲ ရှင့်"

လို့ မေးလိုက်မိတယ်။

"တို့လည်း ရှာကြတာ ရွာနီးချုပ်စပ်အထိပဲ၊ ဗိန္ဓောဆရာချက်ကြီးလည်း ရှာတာနှံ့နေပြီ၊ ဘာသတင်းမှ မရဘူး၊ ငါတော့ မြို့တက်ပြီး ဂါတ်ပဲတိုင်ရတော့မယ်ထင် တယ်. . ."

လို့ ပြောလိုက်တဲ့အခါ မအေးမိက ဝင်ပြီး. . .

"အဖေကလည်း. . . ရွာထဲကလူတွေ ပြောသလိုအဖေ့သမီးကို တစ္ဆေများ ဆွဲသွားလား မသိဘူး၊ တစ္ဆေဆွဲတာကို ဂါတ်တိုင်လို့ ရယ်စရာကြီး ဖြစ်နေပါအုံး

www.burmeseclassic.com

www.burmeseclassic.com



မယ်"

လို့ ပြောလိုက်တယ်။

"တော်စမ်း. . . ဘယ့်နှယ်. . .၊ တစ္ဆေက လူကို ဆွဲနိုင်မှာလဲ၊ ဂါတ်တိုင်တာပဲ ကောင်းတယ်"

သူကြီး ဖိုးသာအောင်စကားကြောင့် မိန်းမဖြစ်သူက. . .

"တော်ကလည်း သူကြီးဖြစ်ပြီး ကိုယ့်သမီး ပျောက်တာတောင် တွေ့အောင်မရှာနိုင်ဘူး ညဲ့ပါ့. . ."

လို့ နှုတ်ခမ်းမဲ့ရွဲ့ပြီး ပြောလိုက်ပြန်တယ်။

မိန်းမရဲ့စကားကြောင့် သူကြီးဟာ ရှူးရှူးရှားရှား ဖြစ်သွားပြီး. . .

"ခင်ဗျားက ကျုပ်ကိုပြောတယ်၊ ကျုပ်မှာ အေးစိန် ပဲရှာရတော့မလား၊ ဖုတ်ဝင်သလို သရဲပူးသလို ဖြစ်နေတဲ့ ခင်ဗျားအနားပဲ ထိုင်နေရမလား ဖြစ်နေတာ၊ လူလည်း ရှုးချင်နေပြီ. . .၊ အေးစိန်မပျောက်ဘဲ ငါ ပျောက်သွားရင်ကောင်းမယ်"

လို့ မကျေမနပ် ပြောလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"မအေးခိုင်ကို ပြန်တွေ့ပါ့မလား...?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

## ကိုးရက်မြောက်နေ့

www.burmeseclassic.com

www.burmeseclassic.com

# သူကြီး

. . . . ဖိုးသာအောင်ရဲ့အိမ်ကို စပါးပွဲစား ဦးလူလှ ရောက်လာပြီး. . .

". . မနက်ဖြန် ကျုပ်သားတွေ ရှင်ပြုအလှူရှိတယ် သူကြီးရဲ့. . .၊ အဲဒါ . . . သူကြီးတို့မိသားစုကို လာ ဖိတ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ သူကြီးက. . .

"ဟာ. . . ဟုတ်သားပဲ၊ ဟို အပတ်ထဲက ခင်ဗျား ကျုပ်ကိုပြောထားတာ၊ ကျုပ်လည်း သမီးပျောက်နေတာနဲ့ ခင်ဗျားအလှူကိစ္စကို မေ့နေတာ၊ အလှူအတွက် အားလုံး ပြင်ဆင်ပြီးပလား၊ လိုအပ်တာရှိရင်ပြောပါ"

လို့ မေးလိုက်တယ်။

ဒီအခါမှာ စပါးပွဲစား ဦးလူလှက

"အားလုံးပြင်ဆင်ပြီးပါပြီ သူကြီးရယ်၊ စကားမစပ် သူကြီးသမီး အေးစိန်ကို အရက်သမားတစ္ဆေ ဖမ်းစားတယ် ဆိုတာ တကယ်ပဲလားဗျ"

လို့ မေးလိုက်တဲ့အခါ သူကြီးဖိုးသာအောင်တစ်ယောက် မျက်နှာပျက်သွားရင်း. . .

"ကျုပ်ကတော့ တစ္ဆေ ဖမ်းစားတယ်ဆိုတာ လက်မခံဘူးဗျ၊ ခေတ်ကာလကလည်း ခင်ဗျားသိတဲ့အတိုင်း၊ အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်ဆိုတော့ ရောင်စုံသောင်းကျန်းသူတွေ ထကြွချိန်မဟုတ်လား၊ ကျုပ်အထင်တော့ မအေးစိန် ပြန်ပေးအဆွဲခံရပြီလို့ ထင်တယ်၊ ဒါကြောင့် ဂါတ်ကို အကြောင်းကြားဖို့တောင် စီစဉ်ထားတယ်"

လို့ ပြန်ဖြေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီး မျက်နှာပျက်သွားတာသိတဲ့ ဦးလူလှဟာ

"အင်း. . . ပြန်ပေးဆွဲခံရတာလည်း ဖြစ်နိုင်တာပဲ၊ ကျုပ်တို့ နဂါးစုရွာမှာ သူကြီးက အချမ်းသာဆုံးပဲ၊ ဂါတ်ကို အကြောင်းကြားတာတော့ မမှားဘူးပေါ့ဗျာ၊ ကဲ. . . ကျုပ်လည်း ကိစ္စလေးရှိလို့ပြန်အုံးမယ်၊ သူကြီးတို့အားလုံး ကျုပ်အလှူကို လာရမှာနော်၊ သူကြီးကြိုက်တဲ့ အုန်းထမင်းနဲ့ ငါးသလောက်ပေါင်း ကျွေးမှာဗျ"

လို့ ပြောဆိုပြီး နှုတ်ဆက်ပြန်သွားတော့တယ်။

သူကြီး ဖိုးသာအောင်တစ်ယောက် မအေးစိန်ပျောက်တဲ့အကြောင်း တွေးမိပြီး ငေးငိုင်နေမိတယ်။

"အဖေ. . . ဘာဖြစ်နေတာလဲ၊ မျက်နှာလည်းမကောင်းဘူး၊ ဦးလူလှ ဘာပြောသွားလို့လဲ. . ."

မအေးမိရဲ့အသံကြောင့် သူကြီးဟာ အတွေးပြတ်တောက်သွားရင်း. . .

"လူလှက အလှူလာဖိတ်တာ သမီးရဲ့. . .၊ မနက်ဖြန် သူ့သားတွေ ရှင်ပြုရှိတယ်လေ၊ အဖေတွေးမိတာကညည်း ညီမအကြောင်းပါ၊ ဒီနေ့ဆို သူ ပျောက်နေတာကိုးရက်ရှိပြီ၊ ရွာထဲမှာလည်း အေးစိန်ကို တစ္ဆေဖမ်းစားလိုက်ပြီလို့ ဖွတ်ပြောနေကြတယ်၊ အဖေတော့ လူလှရဲ့

www.burmeseclassic.com

www.burmeseclassic.com



အလှူတောင် မသွားချင်ဘူး သမီးရယ်၊ လူတွေနဲ့ မတွေ့ချင်ဘူး"

လို့ မျက်နှာမသာမယာနဲ့ ပြောလိုက်မိတယ်။

"အို အဖေကလည်း သူကြီးလုပ်ပြီး မသွားလို့ဖြစ်ပါ့မလား၊ ပါးစပ်ပေါက်တွေ ဂရုစိုက်နေလို့ကတော့ နေစရာတောင် ရှိမှာမဟုတ်ဘူး၊ ဒါတောင် ကျုပ်နဲ့ အမေ့ပါးစပ်ကိုကြောက်လို့ ဒင်းတို့ ဒီလောက်ပဲပြောတာ၊ ဘာမှဂရုစိုက်မနေနဲ့၊ အမေနဲ့ ကျုပ်လည်း အလှူကိုလိုက်မှာပဲ"

မအေးစိန်ရဲ့ စကားကြောင့် သူကြီးတစ်ယောက်စိတ်ဆုံးဖြတ်ချက်ချလိုက်ရင်း. . .

"ဟုတ်တယ်. . . ငါက နဂါးစုရွာရဲ့ သူကြီးတစ်ယောက်ပဲ၊ ငါ ဘယ်သူ့ကြောက်ရမှာတုန်း၊ ငါ့ရှေ့မှာတော့ ဒင်းတို့ အေးစိန်အကြောင်း ဟရဲမှာမဟုတ်ဘူး၊ လူလှရဲ့အလှူကို ငါသွားရမယ်"

လို့ စိတ်တွင်းက ကြုံးဝါးလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# "အလှူပွဲမှာ ဘာဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

## ဆယ်ရက်မြောက်နေ့
## ဦးလှလှရဲ့ရှင်ပြုအလှူပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com

. . . . တစ်ရွာလုံး အိုးစည် ဗုံမောင်းသံတွေ ညံညံ စီနေတယ်။

ရွာသူရွာသားတွေဟာ အဝတ်အစားအသစ်တွေ ဝတ်ဆင်ပြီး စပါးပွဲစား ဦးလူလှရဲ့ အလှူမဏ္ဍပ်ကို အသီးသီး ဝင်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလှူ့ရှင် မိသားစုကတော့ ရွှေတွေညှတ်နေအောင်ဝတ်ပြီး လာသမျှဧည့်သည်တွေကို ဒိုင်ခံဧည့်ခံ နေကြတယ်။

စပါးပွဲစား ဦးလူလှဟာ ရွာရဲ့ မျက်နှာဖုံးတစ်ယောက်ဖြစ်တာကြောင့် အနီးအနားရွာမှာရှိတဲ့ လယ်ပိုင်ရှင်တွေပါ လှည်းအသီးသီးနဲ့ ရောက်လာကြတယ်။

သူကြီး ဖိုးသာအောင်တို့မိသားစု အလှူမဏ္ဍပ်ကို ရောက်တော့ ခြေချစရာမရှိအောင် လူတွေ ပြည့်ကျပ်နေတာ တွေ့ရတယ်။

ဒီအချိန်မှာပဲ ဦးလူလှရဲ့မိန်းမဟာ သူကြီးတို့ကိုမြင်သွားပြီး. . .

"ဟော. . . သူကြီးတို့မိသားစု. . . ကြွပါရှင်. . ဒီဘက်ကိုကြွပါ"

လို့ ပျာပျာသလဲ ဖိတ်ခေါ်လိုက်တယ်။

"ဟဲ့ . . . အေးပုံ . . . ၊ ညည်းတို့အလှူက တယ်စည်ကားပါလား၊ လူတွေလာလိုက်တာ မနည်းဘူး"

သူကြီးကတော်ရဲ့ စကားကြောင့် အလှူ့ဒါယိကာမ မအေးပုံက မျက်နှာပြုံးပြုံးကြီးနဲ့. . .

"စည်ဆို. . ကိုလူလှက စပါးပွဲစားဆိုတော့ လယ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်မှန်သမျှ သူ့မိတ်ဆွေတွေချည်းပဲ သူကြီးကတော်ရဲ့. . .၊ ဒါတောင်. . မဖိတ်လိုက်ရတဲ့ လယ်ရှင်တွေရှိသေးတယ်၊ သူကြီးကတော်တို့ ဒီဘက်ကြွပါ . . .၊ သူကြီးတို့အတွက် သီးသန့်နေရာ စီစဉ်ထားပါတယ်"

လို့ ပြောဆိုရင်း ကတ္တီပါကော်ဇော ခင်းထားတဲ့ စားပွဲဝိုင်းမှာ နေရာချပေးလိုက်တယ်။

ခဏကြာတော့ အုန်းထမင်းနဲ့ ငါးသလောက်ပေါင်း ပန်းကန်တွေ လာချပေးတယ်။

သူကြီးဖိုးသာအောင်ဟာ သူ့အကြိုက်ဖြစ်တဲ့ အုန်းထမင်း၊ ငါးသလောက်ပေါင်းနဲ့ ချဉ်ပေါင်ဟင်းချို၊ ငါးပိချက်တို့ကို ခေါင်းမဖော်တမ်း စားသောက်တော့တယ်။

သမီးဖြစ်သူ မအေးမိက ဖခင် စားနေပုံကိုကြည့်ပြီး. . .

"အမေ. . အဖေ့ကိုကြည့်ပါအုံး၊ အစကတော့ မလာဘူး တကဲကဲနဲ့. . .၊ ဒီရောက်တော့ စားနေလိုက်တာ၊ ခေါင်းတောင်မဖော်ဘူး၊ ကျုပ်တို့အတွက်တောင် ကျန်ပါ့မလား မသိဘူး"

လို့ ကျီစယ်လိုက်တယ်။

အလှူမဏ္ဍပ်ကြီးတစ်ခုလုံး ဆိုင်းသံ၊ ဗုံသံ၊ စကား

www.burmeseclassic.com

 www.burmeseclassic.com



ပြောသံတွေနဲ့ ဆူညံနေတယ်။

ဒီအချိန်မှာပဲ ရွာသားတစ်ယောက်ဟာ မဏ္ဍပ်ရှိရာကို အူလျားဖားလျား ပြေးလာပြီး. . .

". . . ဆိုင်း. . . ဆိုင်းဆရာ. . . ရပ်ပါအုံး"

လို့ တားလိုက်တယ်။

ရွာသားရဲ့ အပြောကြောင့် ဆိုင်းဆရာလည်းကြောင်အမ်းပြီး ဆိုင်းကိုရပ်လိုက်တယ်။

ဆိုင်းသံ ရပ်သွားတဲ့အတွက် အလှူရှင်တွေဟာ မျက်နှာပျက်သွားပြီး. . .

"ဟေ့လူ. . . ဆိုင်းဆရာ. . . ဆိုင်းကိုဆက်တိုက်တီးပါလို့ ပြောထားရက်နဲ့၊ ဘာလုပ်တာလဲဗျ"

လို့ ဦးလူလှက ဆိုင်းဆရာကို လျှောက်လာရင်းပြောလိုက်တဲ့အခါ ဆိုင်းဆရာက. . .

"ကျုပ်. . . ရပ်တာ မဟုတ်ဘူးဗျ. . .၊ ဒီလူ ရပ်ခိုင်းတာ"

လို့ ရွာသားကို လက်ညှိုးထိုး ပြောလိုက်တယ်။

အလှူ့ရှင် ဦးလူလှဟာ ဆိုင်းသမားညွှန်ပြရာကိုကြည့်လိုက်ပြီး. . .

"ဩ . . . ဘယ်သူများမှတ်တယ်၊ အရက်သမား

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံးပါလား၊ မင်းက ဘာကြောင့် ဆိုင်းကိုရပ်ခိုင်းရ
တာလဲ . . .၊ မူးရင်လည်း အိမ်ပြန်အိပ်ကွာ၊ ဒီမှာ
မင်္ဂလာယူနေတာကွ"

လို့ ဒေါ်သတကြီး ပြောလိုက်တယ်။

ဒီအခါမှာ အရက်သမားဖိုးလုံးက မျက်လုံးပြူး
မျက်ဆံပြူးနဲ့. . .

"ကျုပ်. . . နှောက်ယှက်တာ မဟုတ်ပါဘူးဗျာ. . .၊
ရွာ. . . ရွာထဲကို အစိမ်းသရဲ ဝင်လာလို့ဗျ"

လို့ အော်ကြီးဟစ်ကျယ် ပြောလိုက်တယ်။

အရက်သမားဖိုးလုံးရဲ့ စကားကြောင့် မဏ္ဍပ်ထဲမှာ
ရှိတဲ့လူအားလုံး အထိတ်တလန့် ဖြစ်သွားကြတယ်။

အလှူ့ရှင် ဦးလူလှက မျက်နှာအကြီးအကျယ်ပျက်
သွားပြီး. . .

"ဟောကောင် ငါပြောနေတယ်နော်၊ မူးရင် မရမ်း
နဲ့၊ ရော့. . . ထန်းရည်ဖိုးယူသွား"

လို့ အင်္ကျီအိတ်ထဲက အကြွေစေ့ ထုတ်ပေးလိုက်
တဲ့အခါ. . .

"ဟာ. . . ကျုပ် မသောက်ချင်ဘူး၊ ကျုပ်. . . ရွာ
ထိပ်မှာ ဆံပင်ဖားလျား. . . အစိမ်းရောင်ဝမ်းဆက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သရဲမ တွေ့ခဲ့တယ်၊ ရွာထဲဝင်လာတာဗျ"

လို့ ထပ်ပြောလိုက်ပြန်တယ်။

"အစိမ်းသရဲ" ဆိုတဲ့ အသံကြောင့် ရွာသူတစ်ချို့ဟာ ကလေးချီပြီး မဏ္ဍပ်ထဲက ထပြန်သွားကြတယ်။

တစ်ဖက်ရွာက ရောက်လာတဲ့ ဧည့်သည်တချို့ကလည်း လှည်းတွေ ကမန်းကတန်းပြင်ပြီး ပြန်ပြေးကုန်တယ်။

"အမလေး. . . အစိမ်းသရဲမ ရွာထဲဝင်လို့တဲ့. . .၊ နေ့ခင်းကြောင်တောင်ကြီး အစိမ်းသရဲ လာတယ်ဆိုတော့ နိမိတ်မကောင်းဘူး"

"ဟဲ့ . . . ဟဲ့ . . . ကလေးတွေ အမြန်လာစမ်း၊ ကမြင်းမနေကြနဲ့၊ ဟိုမှာ အစိမ်းသရဲ လာနေပြီတဲ့၊ အိမ်ပြန်ရအောင်"

ဆိုတဲ့ တစ်ယောက်တစ်ပေါက်သံတွေ မဏ္ဍပ်တွင်းမှာ ပွက်လောရိုက်သွားတယ်။

သူကြီး ဖိုးသာအောင်တစ်ယောက် ဖြစ်ပျက်နေတဲ့ အခြေအနေကိုကြည့်ပြီး ဦးလှလှတို့အနား လျှောက်လာမိတယ်။

"လုပ်ပါအုံး. . . သူကြီးရယ်၊ ဒီကောင်းလုံး. .၊ ကျုပ် အလှူကို ဖျက်နေတာဗျ၊ သွားပါပြီဗျာ. . .

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အလှူတော့ ပျက်ပါပြီ၊ ကျုပ် မကျေနပ်ဘူးဗျာ၊ ဒီကိစ္စကို သူကြီး ဖြေရှင်းပေး"

လို့ ငိုသံကြီးနဲ့ ပြောလိုက်တဲ့အခါ သူကြီးဟာ ဖိုးလုံးကိုကြည့်လိုက်ပြီး. . .

"ဟော့ကောင်. . . ဖိုးလုံး. . . ဒီလို အလှူကြီးတစ်ခု ဖြစ်မြောက်ဖို့က မလွယ်ဘူးဆိုတာ မင်းမသိဘူးလား၊ ဘာလို့. . . သူများအလှူကို နှောက်ယှက်ရတာလဲ. . .၊ အခုဆို မင်းကြောင့် လူတွေအားလုံး ဝရုန်းသုန်းကားဖြစ်ကုန်ပြီ"

လို့ ဒေါသတကြီး ပြောလိုက်တယ်။

သူကြီးရဲ့စကားကြောင့် ဖိုးလုံးဟာ အသံတုန်တုန်ရင်ရင်နဲ့. . .

"အလှူကို ဖျက်တာမဟုတ်ပါဘူး သူကြီးရယ်. .၊ တကယ်ပါဗျာ . . . ကျုပ် . . . ကျုပ် . . . အစိမ်းသရဲတွေ့ခဲ့ လို့ပါ"

လို့ ထပ်ပြောပြန်တယ်။

သူကြီးဖိုးသာအောင်ဟာ ဖိုးလုံးကို ဝါးစားမတတ်စူးစိုက်ကြည့်လိုက်ရင်း. . .

"အေး. . . ငါ. . . အခု ရွာထိပ်သွားကြည့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လို့ကတော့. . . သူများအလျှုကို နှောက်ယှက်တဲ့ အတွက်မင်းကို ထိပ်ကုံးတင်မဟုတ်ဘူး၊ ပုလိပ်ခေါ်ပြီးတော့ ဂါတ်ပို့ပစ်မယ်"

လို့ ကြုံးဝါးလိုက်တယ်။

ပြီးတဲ့အခါမှာ သူကြီးဟာ ဖိုးလုံးကို ရှေ့ကသွားစေပြီး ရွာလူအုပ်ကြီးနဲ့အတူ ရွာထိပ်ကို ချီတက်ခဲ့ကြတယ်။

အလှူရှင်လင်မယားလည်း ဖိုးလုံးကို အမဲဖျက်ဖို့အတွက် လူအုပ်ကြီးနဲ့အတူ လိုက်လာခဲ့တယ်။

ရွာထိပ် ကုက္ကိုပင်ကြီးနားရောက်တော့ ဖိုးလုံးတစ်ယောက် တုံ့ခနဲရပ်သွားပြီး. . .

"ဟိုမှာ. . . ဟိုမှာ. . . တွေ့လား. . . သရဲမ. . လာနေပြီ"

လို့ လက်ညှိုးထိုး အသံကုန် အော်လိုက်တဲ့အခါ နောက်ကလိုက်လာတဲ့ လူအုပ်ကြီးဟာ ခြေလှမ်းရပ်သွားကြတယ်။

ဖိုးလုံးညွှန်ပြရာကို သူတို့အားလုံး ပြိုင်တူကြည့်လိုက်မိတယ်။

အဝေးဆီမှာ မိန်းမတစ်ယောက် . . .

ဆံပင်ဖားလျားကြီးနဲ့ အစိမ်းရောင်ဝတ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှာသားတွေဟာ အဝေးမှာ မသဲမကွဲမြင်ရတဲ့ အစိမ်းရောင် အရိပ်ကြီးကိုကြည့်ပြီး. . .

"ဟာ အစိမ်းသရဲမ ရွာထဲဝင်လာပြီဟေ့ ပြေး. . . ပြေးကြ. . ."

ဆိုတဲ့အသံတွေ ညံစီသွားတယ်။ ရှာသားတချို့ဟာ နောက်လှည့်ပြေးကုန်ကြတယ်။

သတ္တိကောင်းတဲ့ ရှာသားတွေကတော့ သူကြီးတို့နဲ့ အတူ ကျန်ရစ်ခဲ့ကြတယ်။

ဒီအချိန်မှာပဲ ဆံပင်ဖားလျားနဲ့မိန်းမဟာ တဖြည်းဖြည်း နီးကပ်လာတယ်။

သူကြီးနဲ့ ရှာသားတစ်အုပ်လည်း မျက်တောင်မခတ်တမ်း စိုက်ကြည့်နေကြတယ်။

ဝါးနှစ်ရိုက်လောက် အကွာကိုရောက်တော့ ဖိုးလုံးတစ်ယောက် ဆံပင်ဖားလျားနဲ့ မိန်းမကို စူးစိုက်ကြည့်ရင်း

"သ. . . သရဲမ. . . အေးစိန်. . . အေး. . . အေးစိန်. . . သရဲမ. . . ခေါ်. . . ခေါ်စာပစ်ရင်း တစ္ဆေဖမ်းသွားတဲ့ အေးစိန်သရဲမ. . . အမယ်လေးဗျ. . ."

လို့ သွေးရူးသွေးတန်း အော်ဟစ်ရင်း ခနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိန်တစ်ယောက် ခေါ်စာပစ်ရင်း တစ္ဆေဖမ်းစားသွားပြီလို့ယူဆတဲ့ ရွာသားတစ်ချို့ကလည်း ဖိုးလုံးနောက်ကို အသည်းအသန် ပြေးလိုက်ကြတယ်။

ဒီအချိန်မှာပဲ. . . သူတို့အားလုံး တစ္ဆေဖမ်းစားသွားပြီလို့ယူဆထားတဲ့ မအေးစိန်ဟာ လူအုပ်ကြီးဆီကို လျှောက်လာတယ်။

သူကြီးနဲ့ ကျန်ရစ်ခဲ့တဲ့ ရွာသားတွေဟာ မအေးစိန်ကိုကြောင်ငေးကြည့်ရင်း လှည့်ပြေးဖို့တောင် မေ့နေကြတယ်။

အဲဒီ ရွာသားတွေထဲမှာ ဗိန္ဒောဆရာ ချက်ကြီးလည်းပါခဲ့တယ်။

"အဖေ. . . ဘာကြည့်နေတာလဲ. .၊ အဖေ့သမီး အေးစိန်တောင် မမှတ်မိတော့ဘူးလား"

မအေးစိန်ရဲ့ အသံကြောင့် သူကြီးဖိုးသာအောင်တစ်ယောက် ကြောင်ငေးနေရာက သတိဝင်လာပြီး . . .

"အေး. . . အေးစိန်. . . ဟုတ်ပါတယ်နော်"

လို့ တုန်ရင်တဲ့လေသံနဲ့ မေးလိုက်တဲ့အခါ. . .

"ဟုတ်ပါတယ် အဖေရဲ့ အေးစိန်ပါ. . .၊ ခေါ်စာပစ်တဲ့ညမှာ ပျောက်သွားတဲ့ အေးစိန်ပါ"

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ဗိန္ဒောဆရာချက်ကြီးက မျက်လုံးအပြူးသားနဲ့ . .

"မ. . . မအေးစိန်. . . နဲ့ ကျုပ်တို့နဲ့က ဘဝခြားသွားပြီလေ. . .၊ ကိုယ့်. . . ကိုယ့် နေရာကိုယ်ပြန်ပါ မအေးစိန်ရယ်. . . မသင့်တော်ပါဘူး"

လို့ အထေ့ထေ့အငေါ့ငေါ့ ပြောလိုက်တဲ့အခါ မအေးစိန်က. . .

"ဘာလို့မသင့်တော်ရမှာလဲ၊ ကျုပ်အိမ်ကျုပ် ပြန်လာတဲ့ဟာ"

လို့ ခပ်ဆတ်ဆတ် ပြောလိုက်မိတယ်။

အလှူ့ရှင် ဦးလူလှဟာ ဆရာချက်ကြီးရဲ့ စကားနောက် သံယောင်လိုက်ပြီး . . .

"ဟုတ်. . . ဟုတ်ပါတယ် အေးစိန်မရယ်၊ ဘာလဲနင်. . . စားရမဲ့ သောက်ရမဲ့ ပြိတ္တာဘဝရောက်နေလို့လား. . . .၊ ဒီ. . . ဒီနေ့. . . ငါ့သားတွေ ရှင်ပြုအလှူရှိတယ်. . .၊ရေစက်ချတဲ့အခါ. . . နင့်ကိုခေါ်ပြီး အမျှပေးပါ့မယ်ဟာ. . . .၊ရွာ. . . ရွာထဲကိုတော့ မဝင်ပါနဲ့. . ."

လို့ မျက်လုံးစုံမှိတ်ပြီး လွှတ်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်က ဘာလို့ပြို့တ္တာဘဝ ရောက်ရမှာလဲ၊ ကျုပ်အိမ်ကျုပ်ပြန်မယ်၊ ရှင်တို့ ဘာမှတားနေစရာမလိုဘူး"

မအေးစိန်ရဲ့ ဒေါသတကြီး ခါးထောက်ပြီး ပြောလိုက်တဲ့စကားကြောင့် အားလုံး ထိတ်လန့်သွားကြတယ်။

ဒီအခါမှာ သူကြီးဖိုးသာအောင်က သမီးဖြစ်သူကို စူးစိုက်ကြည့်လိုက်ရင်း. . .

"သ. . . သမီးကို ခေါ်စာပစ်တဲ့ညမှာ တစ္ဆေဖမ်းစားသွားပြီလို့ တစ်ရွာလုံး ယူဆထားကြတယ်. . . ၊ အဖေ ကြားဖူးတာရှိတယ်. . . ၊ လူ့အသားဟာ ပူနွေးတယ်၊ နာနာဘာဝတွေရဲ့ အသားဟာ ရေခဲလိုအေးစက်နေတယ်တဲ့. . . ၊ အဖေ့ကို သမီးလက်ပေးစမ်း. . . "

လို့ ပြောဆိုရင်း မအေးစိန်ရဲ့လက်ကို လှမ်းကိုင်လိုက်တယ်။

"ဩော်. . အဖေရယ်. . . ဖြစ်မှဖြစ်ရလေ. . . ၊ အဖေ့ သမီးအေးစိန်က လူအစစ်ပါ အဖေရဲ့. . . တွေ့လား. . . သမီးလက်တွေ နွေးနေတာပဲ၊ အဖေ ယုံပြီ လား၊ တကယ်တော့ . . . ခေါ်စာပစ်တဲ့ညက

www.burmeseclassic.com

www.burmeseclassic.com



သမီးကို တစ္ဆေဖမ်းစားတာ မဟုတ်ပါဘူး၊ သမီးချစ်သူ နောက် ခိုးရာလိုက်သွားတာပါ"

လို့ ပြောလိုက်တဲ့အခါ သူကြီးဖိုးသာအောင်တစ်ယောက် မျက်လုံးပြူးကျယ်သွားပြီး. . .

"ဘာ. . . ခိုးရာလိုက်သွားတာ ဟုတ်လား"

လို့ အလန့်တကြား ရေရွတ်လိုက်မိတယ်။ မအေးစိန်က. . .

BURMESE CLASSIC

"ဟုတ်ပါတယ် အဖေရယ်. . .၊ သမီးကို ခွင့်လွှတ်ပါနော်. . .၊ သမီး ချစ်သူက မြို့သားတစ်ယောက်ပါ။ သူက တစ်ဖက်ရွာက သူငယ်ချင်းဆီကို အလည်လာရင်း၊ သမီးကလည်း အဲဒီရွာမှာ အဖေတောင်းခိုင်းတဲ့အကြွေးသွားတောင်းရင်း တွေ့ကြပြီး ချစ်ကြိုက်ခဲ့တာပါ။ အဲဒီညက. . . သမီးလည်း သူလာမယ်မှန်း မသိခဲ့ပါဘူး၊ ဆရာချက်ကြီး ခိုင်းတဲ့အတိုင်း သမီး. . . ညောင်ပင်ကြီးက နတ်ကွန်းရှိရာကို သွားခဲ့တယ်. . .၊ ခေါ်စာဗန်းကိုချလိုက်စဉ်မှာပဲ. . . ညောင်ပင်နောက်က လက်မည်းကြီးထွက်လာပြီး သမီးကို ဆွဲခေါ်သွားတယ်၊ အစက သမီးလည်း အရမ်းလန့်ပြီး သံကုန်အော်လိုက်မိတယ်. . .၊ ညောင်ပင်နောက်ကို ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



မှ သမီးချစ်သူဖြစ်နေမှန်း သိရတော့တယ်၊ သူက. . . မြို့ပြန်တော့မယ့်အကြောင်း ပြောတယ်၊ သမီးလည်း သူ့ကိုမခွဲနိုင်တာနဲ့ တစ်ခါတည်း သူ့နောက်လိုက်သွား ခဲ့တာပါအဖေ"

လို့ ရှင်းပြလိုက်တဲ့အခါမှ သူကြီး ဖိုးသာအောင် တစ်ယောက် ဒေါသအကြီးအကျယ်ထွက်သွားပြီး . . .

"တောက်. . . ဘယ်မလဲ၊ ဗိန္ဓောဆရာချက်ကြီး၊ ဒင်း. . . ခါစာအပစ်ကောင်းလို့ ငါ့သမီး လင်နောက် လိုက်သွားတာ. . .၊ ဘယ်မလဲ . . . တွေ့လို့ကတော့ ကွာ. . . အရှင်လတ်လတ် အရေခွံဆုတ်ပစ်မယ်"

လို့ ပုဆိုးကြီးမပြီး ကြုံးဝါးရင်း လူအုပ်ကြားထဲ ကြည့်လိုက်တယ်။

BURMESE CLASSIC

ဆရာချက်ကြီးဟာ အခြေအနေ မကောင်းမှန်း ရိပ်စားမိသွားပြီး. . .

"အမလေး. . . အရပ်ကတို့ရဲ့. . .၊ နောက်ဆို ခါစာမပစ်ခိုင်းရဲတော့ပါဘူး၊ ကယ်ကြပါအုံး"

လို့ အော်ဟစ်ရင်း တစ်ချိုးတည်း လစ်ပြေးတယ်။

သူကြီး ဖိုးသာအောင်တစ်ယောက် အော်ဟစ်ကြိမ်း မောင်းရင်း ချက်ကြီးနောက် အပြေးလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မအေးစိန်နဲ့ ရှာသားအုပ်ကြီးကတော့ သူကြီးနဲ့ ချက်ကြီးကိုကြည့်ရင်း ငိုအားထက် ရယ်အားသန်မိကြတော့တယ်. . .

..ခေါ်ရာပစ်တဲ့...ည..

မဒိုစာ

www.burmeseclassic.com